ဇာတဒဂ်ရ ပုဂ္ဂိုလ်ထူးများ

အမှတ်စဉ် (၁၀)

အကျဉ်းဟောတဲ့တရားကို အကျယ်ချဲ့ဟောတဲ့အရာ အသာဆုံး ဇာတဒဂ်ရ

အရှင်မဟာကစ္စည်းမထေရ်

ဘဝတစ်ခုရလာတဲ့အခါ ဘယ်သူနဲ့မှ ငြင်းခုံခိုက်ရန်တွေ မဖြစ်ရဘဲ အေးချမ်းစွာနေရဖို့၊ ကိလေသာ အပူတွေကနေ လွတ်မြောက်ပြီး ငြိမ်းချမ်းစွာနေနိုင်ဖို့နဲ့ နောက်ပြီး ဓမ္မ နဲ့ အဓမ္မ၊ အတ္ထ နဲ့ အနတ္ထတွေ ခွဲခြားပြီး အပြစ်ကင်းကင်း နေတတ်ဖို့ သိပ်ကို အရေးကြီးလှပါတယ်။ ဒီလို အဖိုးတန်တဲ့ ဘဝနေနည်းမျိုးနဲ့ မနေချင်တဲ့သူလဲ ရှိမှာ မဟုတ်ပါဘူး။ ဘယ်လို နလုံးသွင်းပြီးနေရင် ခုဖော်ပြခဲ့တဲ့ ဘဝနေနည်းတွေ ပြည့်စုံမလဲဆိုတဲ့ အဖိုးတန်နလုံးသွင်း ကျင့်ကြံနည်းတွေကို ခုတစ်ပတ် ကြည်ညိုကြမဲ့ အရှင်မဟာကစ္စည်းမထေရ်မြတ်က ဟောကြားထားတော်မူခဲ့ပါတယ်။

ဒါ့အပြင် အရှင်မြတ်ကြီးရဲ့ ထူးခြားချက်တစ်ခုက ဆရာပေါင်းမှားပြီး သတ္တဝါတွေရဲ့ အသက်နဲ့ ယဇ်နတ်ပူဇော်၊ ရာဇဝတ်သားလို့ ဖမ်းပြီးလာပို့တဲ့သူတွေကိုလဲ သေချာမစစ်ဆေးပဲ မပေးသင့်တဲ့ ပြစ်ဒဏ်တွေ ပေး၊ တရားစီရင်တော့လဲ မတရားတဲ့နည်းနဲ့တရားစီရင် အဲဒီလို တရားလက်လွတ် ဖြစ်နေတဲ့ မင်းကြမ်း စဏ္ဍပဇ္ဇောတမင်းကို အိပ်မက်ပေးပြီး တရားဟောတာပဲ ဖြစ်ပါတယ်။ ဒီလို ထူးခြားတဲ့ အရှင်မြတ်ကြီးရဲ့ ပါရမီဖြည့်ခဲ့ပုံနဲ့ အရှင်မြတ်ကြီး ဟောခဲ့တဲ့ ကျင့်စဉ်တွေကို ကြည်ညိုကြပါမယ်။

အရှင်မဟာကစ္စည်းထေရ်ဆိုတာ မြတ်စွာဘုရားက အကျဉ်းချုပ်ဟောထားတဲ့ တရားကို အကျယ်တဝင့် ပြန်ဟောပြနိုင်စွမ်းရှိတဲ့ အရှင်မြတ်ပဲဖြစ်ပါတယ်။ အချို့ရဟန်းတော်များက မြတ်စွာဘုရားအကျဉ်းဟောထားတဲ့ တရားကို အနက်အဓိပ္ပါယ်အနေနဲ့ပဲ ဖြည့်စွက်ပြီး အကျယ်ဟောနိုင်တယ်၊ အချို့ရဟန်းတော်များက သဒ္ဒါအနေနဲ့ပဲ ဖြည့်စွက်ပြီး အကျယ်ဟောနိုင်တယ်၊ ဒီ အရှင်မဟာကစ္စည်းမထေရ်ကတော့ အနက်အဓိပ္ပါယ်အနေနဲ့ရော၊ သဒ္ဒါအနေနဲ့ရော နစ်မျိုးနဲ့ ဖြည့်စွက်ပြီး အကျယ်ဟောနိုင်တာပါ။ ဒါ့ကြောင့် အကျဉ်းတရားကို အကျယ်ချဲ့ဟောတဲ့ရဟန်းတော်တွေထဲမှာ အသာဆုံး ဇာတဒဂ်ရခဲ့တာဖြစ်ပါတယ်။ ဒီလို နောက်ဆုံးဘဝမှာ ဒီဇာတဒဂ်ရခဲ့တာဟာ ရှေးကဆုတောင်းပြီး ကုသိုလ်ကောင်းမှုပြုခဲ့တဲ့အတွက်ကြောင့်လဲပဲ ဖြစ်ပါတယ်။

(က) အတိတ်ဘဝ ဆုတောင်း ပါရမီဖြည့်ပုံ

အရှင်မြတ်အလောင်းဟာ ပဒုမုတ္တရာမြတ်စွာဘုရားရှင်လက်ထက်တော်မှာ သူကြွယ်မျိုးမှာ ဖြစ်ခဲ့ပြီး အရွယ်ရောက်လို့ တစ်နေ့မှာတော့ မြတ်စွာဘုရားကျောင်းတော်သွားပြီး ပရိသတ်အစွန်ကနေ ထိုင်ကာ တရားနာရင်း မြတ်စွာဘုရားရှင် အကျဉ်းဟောတဲ့တရားကို အကျယ်ချဲ့ဟောတဲ့ နေရာမှာ အသာဆုံး ရဟန်းတစ်ပါးကို ဇာတဂ်အရာထား ချီးမြှောက်တာကို ဖူးတွေ့လိုက်ရပါတယ်။ အဲဒီ အခါမှာ အရှင်မြတ်အလောင်းသူဌေးသားဟာ "ဩော်.. ဒီရဟန်းဟာ အလွန်မြင့်မြတ်တဲ့ ရဟန်းဖြစ်ပါ ပေတယ်၊ မြတ်စွာဘုရားရှင်က ပရိသတ်အလယ်မှာ ဒီရဟန်းကို ချီးကျူးတယ်၊ ငါလဲပဲ နောင်အနာဂတ် တစ်ဆူသော ဘုရားသာသနာတော်မှာ ဒီရဟန်းလိုမျိုး ဖြစ်ချင်လိုက်တာ"လို့ စိတ်ဆန္ဒတွေ ဖြစ်ပေါ် လာပြီး မြတ်စွာဘုရားကို ပင့်ဖိတ်ကာ ခုနစ်ရက် ခုနစ်လီ အလှူကြီး ပေးလှူပြီးတဲ့နောက် "အရှင် ဘုရား...ယခုလို လှူဒါန်းပူဇော် သက္ကာရမှုပြုရတဲ့ ကောင်းမှုကုသိုလ်ရဲ့ အကျိုးကြောင့် အခြားဘဝ စည်းစိမ်တွေကို မတောင့်တပါဘုရား၊ ဒါပေမဲ့ နောင်အနာဂတ် တစ်ဆူသောဘုရားရှင်ရဲ့ သာသနာ တော်မှာ လွန်ခဲ့တဲ့ ခုနစ်ရက်က အရှင်ဘုရားတို့ ဇာတဂ်အရာထား ချီးမြှောက်တဲ့ ရဟန်းလို တပည့်တော်လဲပဲ အဲဒီဇာတဂ်ဘွဲ့ထူးမျိုးကို ရလိုပါတယ်ဘုရား" လို့ ဆုပန်စကား လျှောက်ထား ပါတယ်။

ပဒုမုတ္တရာမြတ်စွာဘုရားရှင်လဲ အနာဂတ်ကို မျှော်ကြည့်လိုက်တဲ့အခါ ဒီသူဌေးသား ဆုတောင်းပြည့်မှာကို မြင်တော်မူတဲ့အတွက် "အမောင် အမျိုးကောင်းသား....နောင်အနာဂတ် ကမ္ဘာ တစ်သိန်းကာလအဆုံးမှာ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူလိမ့်မယ်၊ သင်ဟာ အဲဒီဘုရားရှင်ရဲ့ သာသနာတော်မှာ အကျဉ်းဟောတဲ့တရားကို အကျယ်ချဲ့ဟောနိုင်တဲ့ပုဂ္ဂိုလ်တွေထဲမှာ အသာဆုံး ပုဂ္ဂိုလ်ဖြစ်လိမ့်မယ်" လို့ ဗျာဒိတ်စကား မိန့်ကြားတော်မူကာ အနမောဒနာတရားဟောပြီး ကျောင်း တော်ကို ပြန်ကြွသွားတော်မူခဲ့ပါတယ်။

သုမေဓဘုရားရှင်လက်ထက် ပါရမီဖြည့်ပုံ

အရှင်မြတ်လောင်းလျာ အမျိုးကောင်းသားလဲ အသက်ထက်ဆုံး ဒါန၊ သီလစတဲ့ ကောင်းမှု ကုသိုလ်တွေ ပြုပြီး နတ်ပြည်၊ လူ့ပြည်တွေမှာ ကျင်လည်ရင်းက သုမေဓဘုရားရှင် လက်ထက်မှာတော့ ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်ဖြစ်ခဲ့ကာ ကောင်းကင်ခရီး သွားနေရင်းက သုမေဓမြတ်စွာဘုရားရှင် ဟိမဝန္တာတောင်က တောအုပ်တစ်ခုမှာ သီတင်းသုံးထိုင်နေတော်မူတာကို ဖူးတွေ့လိုက်ရတဲ့အတွက် ကြည်ညိုစိတ်တွေ ဖြစ်ပေါ်လာပြီး မဟာလှေကားပန်းတွေနဲ့ ပူဇော်ခဲ့ပါတယ်။ ဘုရားရှင်ကို ပူဇော်ရတဲ့ ဗုဒ္ဓပူဇာ ကောင်းမှု

ကုသိုလ်ကြောင့် အရှင်မြတ်အလောင်းဟာ သံသရာကျင်လည်ရတဲ့အခါ လူ့ဘုံ၊ နတ်ဘုံဆိုတဲ့ သုဂတိနှစ်ဘုံမှာပဲ ကျင်လည်ခဲ့ရပြီး၊ လူ့ဘုံ လူ့ဘဝရတဲ့အခါတိုင်းမှာလဲ မင်းမျိုးနဲ့ ၊ ပညာရှိမျိုးနွယ် တွေမှာပဲ ဖြစ်ခဲ့ရတယ်၊ နိမ့်ကျတဲ့ ဆင်းရဲတဲ့မျိုးနွယ်တွေမှာ မဖြစ်ခဲ့ရပါဘူး။

ကဿပဘုရားရှင်လက်ထက် ပါရမီဖြည့်ပုံ

အရှင်မြတ်အလောင်း ဝိဇ္ဇာဝိုရ်ဟာ ပန်းလှူရတဲ့ ကောင်းမှုကုသိုလ်ကြောင့် သုဂတိဘုံဘဝတွေမှာ အကြိမ်ကြိမ်ဖြစ်ခဲ့ရပြီး ကဿပဘုရားရှင်လက်ထက် ရောက်တဲ့အခါမှာတော့ ဗာရာဏသီပြည်က သူဌေးမျိုးမှာ ဖြစ်ခဲ့ပြီး ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံပြီးလို့ ရွှေစေတီတည်ထားကိုးကွယ်ကြတဲ့အခါ အရှင်မြတ်လောင်း သူဌေးသားဟာ တစ်သိန်းတန် ရွှေအုတ်နဲ့ပူဇော်ပြီး "မြတ်စွာဘုရား...ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်းမှာ တပည့်တော်ရဲ့ ခန္ဓာကိုယ်ဟာ ရွှေအဆင်းရှိတဲ့ ခန္ဓာကိုယ် ဖြစ်ပါရစေဘုရား" လို့ ဆုတောင်းခဲ့ပါတယ်။

(ခ) ပစ္စုပ္ပန်ဝတ္ထု မြတ်စွာဘုရားထံ ရဟန်းပြုပုံနဲ့ ဇာတဂ်ရပုံ

အရှင်မြတ်အလောင်းဟာ အဲဒီဘဝမှာလဲ အသက်ထက်ဆုံး ကောင်းမှုကုသိုလ်များ ပြုလုပ်ကာ ကဿပမြတ်စွာဘုရားနဲ့ ဂေါတမမြတ်စွာဘုရားနှစ်ဆူအကြား နတ်ပြည်၊ လူ့ပြည်တွေမှာ ကျင်လည်ခဲ့ပြီး အကျွန်ုပ်တို့ ဂေါတမမြတ်စွာဘုရားရှင်လက်ထက် ရောက်တဲ့အခါ ဥဇ္ဇေနီပြည်က စဏ္ဍာပဇ္ဇောတမင်းရဲ့ ပညာရှိပုရောဟိတ်အမတ်ကြီးအိမ်မှာ ဖြစ်ခဲ့ပါတယ်။ အဲဒီသားလေးကို နာမည် ပေးကြတဲ့အခါ သူ့ရဲ့မိဘများက "သြော်...ငါတို့သားလေးဟာ တစ်ကိုယ်လုံး ရွှေလိုဝင်းဝါနေတဲ့အဆင်း ရှိတဲ့သူပဲ၊ သူဟာ ကိုယ့်နာမည်ကို ကိုယ်ကိုယ်တိုင်ပဲ ယူလာတဲ့သူပါလား" လို့ သားလေးရဲ့ ကိုယ်ရေ အဆင်းက ရွှေလို ဝင်းဝါနေတာကို တွေးတောထောက်ဆပြီး "ကဉ္စနလုလင်" လို့ နာမည်ပေးခဲ့ကြတယ်။ ကဉ္စနလုလင် အရွယ်ရောက်လို့ ဗေဒင်သုံးပုံပညာ သင်ယူတတ်မြောက်ခဲ့ပြီး သူ့ရဲ့ဖခင် ကွယ်လွန်တဲ့အခါ ဖခင်ရဲ့ ပညာရှိပုရောဟိတ်ရာထူးကို ဆက်လက်ခံယူ ရရှိခဲ့ပါတယ်။ အဲဒီအချိန်မှာတော့ သူဟာ မျိုးရိုးအနွယ်နာမည်ဖြစ်တဲ့ "ကစ္စာန-ကစ္စည်း" ဆိုတဲ့နာမည်နဲ့ ပိုပြီး ထင်ရှားလာခဲ့ပါတယ်။

စဏ္ဍာပဇ္ဇောတမင်းက ပုရောဟိတ် ကစ္စည်းပုဏ္ဏားကို ဘုရားပင့် စေလွှတ်ခန်း

တစ်နေ့မှာတော့ စဏ္ဍာပဇ္ဇောတမင်းဟာ အမတ်တွေကို စုဝေးစေပြီး "အမတ်ကြီးတို့.... မြတ်စွာဘုရားရှင် လောကမှာ ထင်ရှားပွင့်ထွန်းနေပါတယ်၊ သင်တို့ထဲက စွမ်းနိုင်တဲ့သူ တစ်ဦးဦးက မြတ်စွာဘုရားကို သွားပင့်ပေးပါ"လို့ မိန့်ကြားပါတယ်။ ဒီအခါ အမတ်ကြီးတွေက "အရှင်မင်းကြီး....

မြတ်စွာဘုရားကို တစ်ခြားသူတော့ ပင့်နိုင်စွမ်းရှိမှာ မဟုတ်ဘူး၊ ပုရောဟိတ်ပညာရှိဆရာကြီးဖြစ်တဲ့ ကစ္စည်းပုဏ္ဏားပဲ စွမ်းနိုင်ပါတယ်၊ ဒါ့ကြောင့် သူ့ကို စေလွှတ်တော်မူပါ"လို့ ပြန်လည်သံတော်ဦး တင်ကြတဲ့အတွက် စဏ္ဍာပဇ္ဇောတမင်းက ကစ္စည်းပုဏ္ဏားကို "အမောင်ကစ္စာန....မြတ်စွာဘုရားထံ သွားရောက် ပင့်ဆောင်ပေးပါ"လို့ မိန့်ဆိုခဲ့ပါတယ်။ ပုရောဟိတ် ကစ္စည်းပုဏ္ဏားက "အရှင်မင်းကြီး.... အကျွန်ုပ် ရဟန်းပြုခွင့် ရခဲ့မယ်ဆိုရင် သွားရောက် ပင့်ဆောင်ပေးပါမယ်" လို့ ပြန်လည် သံတော်ဦး တင်တဲ့အခါ စဏ္ဍာပဇ္ဇောတမင်းက "အမောင်ကစ္စာန....အသင်ဆန္ဒရှိတဲ့ အမှုခပ်သိမ်း နှစ်သက်ရာ လုပ်ပြီးတဲ့အခါ မြတ်စွာဘုရားကိုသာ ပင့်ဆောင်ခဲ့ပါလော့" လို့ မိန့်ကြားခဲ့ပါတယ်။

ပုရောဟိတ် ကစ္စည်းပုဏ္ဏားဟာ နောက်ပါ ခုနစ်ယောက်နဲ့အတူ မြတ်စွာဘုရားထံ သွားရောက်ခဲ့ပါတယ်။ မြတ်စွာဘုရားက သူတို့ကို တရားဟောတော်မူပါတယ်။ တရားတော်အဆုံးမှာ နောက်ပါ ခုနစ်ယောက်နဲ့အတူ ပုရောဟိတ် ကစ္စည်းပုဏ္ဏားဟာ ပဋ္ဌိသမ္ဘိဒါဉာဏ်လေးပါးနဲ့တကွ အရဟတ္တဖိုလ် ရရှိကာ ကိလေသာ အာသဝေါကုန်ခမ်း ရဟန္တာအဖြစ်သို့ ရောက်ခဲ့ပါတယ်။ မြတ်စွာဘုရားရှင်က "ရဟန်းတို့... လာကြကုန်လော့" လို့ လက်တော်ကို ဆန့်တန်းလိုက်ပါတယ်။ အဲဒီခဏမှာပဲ သူတို့ ရှစ်ဦးလုံးဟာ ဆံမုတ်ဆိတ်တွေ ကွယ်ပျောက်ပြီး တန်ခိုးနဲ့ပြီးတဲ့ သပိတ်သင်္ကန်းများ ဝတ်ဆင်မြန်း လျက် ဝါတော်ခြောက်ဆယ်ရ မထေရ်လို "ဧဟိ ဘိက္ခု"ရဟန်းများ ဖြစ်ကုန်ကြပါတယ်။

အရှင်ကစ္စည်းမထေရ်ဟာ မိမိရဲ့ ရဟန်းကိစ္စ အရဟတ္တဖိုလ်အထွတ်အထိပ်ရောက် ပြီးမြောက်သွားတဲ့အခါ မြတ်စွာ ဘုရားဆီ လာရင်းကိစ္စ မချွတ်ယွင်းစေဘဲ ကာဠုဒါယီမထေရ်က မြတ်စွာဘုရားကို မွေးရပ်မြေဖြစ်တဲ့ ကပိလဝတ်ကို ကြွဖို့ ဂါထာများနဲ့ စီကာပတ်ကုံး သီကျူးကာ ပင့်လျှောက်သလို အရှင်ကစ္စည်းမထေရ်လဲ မြတ်စွာဘုရားရှင် ဥဒ္ဒေနီပြည် ကြွဖို့ရန်အတွက် ဥဒ္ဒေနီပြည်ရဲ့တင့်တယ် သာယာပုံကို ဂါထာများနဲ့ ဖွဲ့ဆိုသီကျူးကာ ပင့်လျှောက်ပါတယ်။ မြတ်စွာဘုရားရှင်ဟာ အရှင်ကစ္စည်း မထေရ်ရဲ့ စကားသံကို ကြားပြီးတဲ့နောက် "ကစ္စာနဟာ သူ့ရဲ့ မွေးရပ်မြေဖြစ်တဲ့ ဥဒ္ဒေနီကို ငုံ့ကို ကြွစေချင်နေတာပဲ" လို့ သိတော်မူပြီး အရှင်ကစ္စည်းမထေရ်ကို "အို ရဟန်း....သင်ပဲ ကြွသွားလိုက်ပါ၊ သင် သွားရင်လဲ စဏ္ဍာပဇ္ဇောတမင်းက ကြည်ညိုပါလိမ့်မယ်" လို့ မိန့်တော်မူပါတယ်။

သူဌေးသမီး နှစ်ယောက်အကြောင်း

မထေရ်မြတ်ဟာ "မြတ်စွာဘုရားရှင်တွေမှာ စကားနှစ်ခွ စကားနှစ်မျိုး ပြောဆိုရိုး မရှိဘူး"လို့ တွေးတောဆင်ခြင်ပြီး မြတ်စွာဘုရားကို ရှိခိုးဦးချ ကန်တော့ကာ မိမိနဲ့အတူလာခဲ့ကြတဲ့ ရဟန်း ခုနစ်ပါးနဲ့အတူ မွေးရပ်ဇာတိဖြစ်တဲ့ ဥဒ္ဒေနီပြည်ကို ပြန်ကြွခဲ့တယ်။ လမ်းခရီးအကြား လမ်းခုလတ်က

တေလပနာဋ္ဌ ဆိုတဲ့ နိဂုံးရွာကြီး တစ်ရွာမှာ ဆွမ်းခံလှည့်လည်တော်မူပါတယ်။ အဲဒီ နိဂုံးရွာကြီးမှာလဲ သူဌေးသမီးနှစ်ယောက် ရှိကြတယ်။ တစ်ယောက်က စီးပွားပျက်သွားတဲ့ သူဌေးမျိုးမှာ ဖြစ်ပြီး မိဘများ ကွယ်လွန်တဲ့အခါ အထိန်းတော်ကြီးကို အားကိုးအမှီပြုပြီး အသက်ရှင် ရပ်တည်နေရတယ်။ ဒါပေမဲ့ အဲဒီသမီးရဲ့ ကိုယ်ခန္ဓာက အလွန်တင့်တယ် ပြည့်ဖြိုးလှပတယ်၊ ဆံပင်တွေကလဲ အခြားအမျိုးသမီး တွေရဲ့ ဆံပင်တွေထက် ရှည်လဲရှည်၊ နလဲ နု၊ ပြေလဲ ပြေပြစ်ပြီး ပိတုန်းအရောင် ညိုမှောင်တဲ့ အဆင်းလဲ ရှိတယ်။ အဲဒီနိဂုံးရွာကြီးမှာပဲ နောက်သူဌေးသမီးတစ်ဦးကတော့ ဆံပင်ပါးပြီး ဆံပင် မကောင်း ဆံပင်မလှတဲ့ သူဖြစ်ပါတယ်။ အဲဒီသူဌေးသမီးက အရှင်မဟာကစ္စည်းမထေရ် မကြွလာခင် ရှေ့နားတုန်းက ဆံပင်ကောင်းတဲ့ အထည်ကြီးပျက် သူဌေးသမီးထံ လူလွှတ်ပြီး "တစ်ရာနဲ့ပဲဖြစ်ဖြစ် တစ်ထောင်နဲ့ပဲဖြစ်ဖြစ် ဆံပင်ကို ရောင်းပေးပါ၊ တောင်းသလောက် အဖိုးအခ ပေးပါမယ်" လို့ တောင်းခံ ဝယ်ယူ ပြောဆိုပေမဲ့ ဆံပင်ရှင် သူဌေးသမီးက မရောင်းတဲ့အတွက် ဆံပင်ရအောင် မယူနိုင်ခဲ့ပါဘူး။

အရှင်မဟာကစ္စည်းမထေရ် ဆွမ်းခံကြွတဲ့နေ့မှာတော့ အဲဒီဆံပင်ရှင် သူဌေးသမီးက အရှင် မဟာကစ္စည်းမထေရ်ကို ရဟန်းခုနစ်ပါး ခြံရံပြီး သပိတ်ထဲမှာ ဆွမ်းမပါသေးပဲ ကြွလာတာကို ဖူးမြင် လိုက်ရပြီး "သြော် ...ရှေရောင်အဆင်းရှိတဲ့ ဗြဟ္မာနွယ်ဖွား ရဟန်းတစ်ပါးဟာ ဆေးမြဲတိုင်း ဆွမ်းမပါ သေးတဲ့သပိတ်နဲ့ပဲ ကြွလာနေတယ်၊ ငါ့မှာလဲ အခြားဘာပစ္စည်းဥစ္စာမှ မရှိဘူး၊ ဟိုသူဌေးသမီးကတော့ ငါ့ဆံပင်တွေ ရဖို့ရန်အတွက် အရင်က လူလွှတ်ခဲ့ဖူးတယ်။ အခုအချိန်တော့ ငါ့ဆံပင်ကနေ ရလာမဲ့ တန်ဖိုးဥစ္စာပစ္စည်းနဲ့ မထေရ်မြတ်ကို ဆွမ်းစတဲ့လှူဖွယ်ဝတ္ထုတွေ လှူနိုင်လောက်တယ်" လို့ ဆင်ခြင် စဉ်းစား တွေးတောကာ အထိန်းတော်ကြီးကို လွှတ်ပြီး မထေရ်မြတ်တွေကို ပင့်ဖိတ်ကာ အိမ်အတွင်းမှာ သီတင်းသုံး ထိုင်နေစေပါတယ်။

သူဌေးသမီးဟာ မထေရ်မြတ်တွေ ထိုင်နေပြီဆိုရင်ပဲ အိမ်ခန်းတွင်းဝင်ပြီး အထိန်းတော်ကြီးကို သူ့ဆံပင်တွေ ဖြတ်ခိုင်းကာ "အို မိခင်...ဒီဆံပင်တွေကို ဟို သူဌေးသမီးဆီ သွားပေးလိုက်ပါ၊ အဲဒီ သူဌေးသမီး ပေးသလောက် အဖိုးဥစ္စာ ယူခဲ့ပါ၊ အရှင်မြတ်တွေကို ဆွမ်း လှူဒါန်းရအောင်"လို့ ပြောဆို လွှတ်လိုက်ပါတယ်။ အထိန်းတော်ကြီးလဲ စိတ်မကောင်းစွာနဲ့ပဲ လက်ဖမိုးနဲ့ မျက်ရည်ကို သုတ်၊ ကျန်လက်တစ်ဖက်နဲ့ သူ့ရဲ့ရင်ကို မ-ချီပြီး မထေရ်မြတ်တွေ မမြင်ရအောင် ဖုံးကွယ်ကာ အဲဒီဆံပင်တွေ ယူလာခဲ့ပြီးတဲ့နောက် အရင်က ဆံပင်အဝယ်လွှတ်ဖူးတဲ့ သူဌေးသမီးထံ သွားခဲ့ပါတယ်။

ရောင်းကုန်ဆိုတာ ဘယ်လောက်ပဲ ကောင်းကောင်း၊ ဘယ်လောက်ပဲ အဖိုးတန်တန် ပစ္စည်းရှင် ကိုယ်တိုင် ဝယ်သူ့ဆီ ပို့ရရင်တော့ ဝယ်မဲ့သူက စျေးနှိမ်တတ်တာဟာ လောကမမ္မတာပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဆံပင်မကောင်းတဲ့သူဌေးသမီးက "ငါဟာ အရင်က တန်ဖိုးကြီးကြီး ပေးပြီး ဝယ်ခဲ့ပေမဲ့

ငါလိုချင်တဲ့ ဆံပင်တွေ မရခဲ့ဘူး၊ အခုလို ဖြတ်ထားပြီးတဲ့အချိန်မှာတော့ သူဟာ ငါ အရင်က ပေးတဲ့ ဈေးအတိုင်း မရနိုင်တော့၊ ငါဆိုသလောက်နဲ့ပဲ သူ လက်ခံရမှာပဲ" လို့ တွေးတောကြံစည်ပြီး အထိန်း တော်ကြီးကို "အို အထိန်းတော်ကြီး....ကျွန်မဟာ အရင်က အထိန်းတော်ကြီးရဲ့ သခင်မကို ဈေး ကောင်းကောင်း ပေးပြီး ဆံပင်တွေ ဝယ်ခဲ့ပေမဲ့ မရခဲ့ပါဘူး၊ ခုနေခါ ခေါင်းကနေရိပ်ပယ်ထားပြီး ကျလိုရာ ကျထားတဲ့ သက်မဲ့ဆံပင်တွေဟာ အသပြာငွေ ရှစ်ကျပ်ပဲ တန်ပါတယ်" လို့ ပြောဆိုဈေးနှိမ် ကာ အထိန်းတော်ကြီး ငွေရှစ်ကျပ်ပဲ ပေးလိုက်ပါတယ်။

အထိန်းတော်ကြီးလဲ ငွေရှစ်ကျပ်ကို ယူခဲ့ပြီး သူ့သခင်မသူဌေးသမီးကို ပေးလိုက်ပါတယ်။ သူဌေးသမီးဟာ တစ်ပါးတစ်ပါးအတွက် တစ်ကျပ်တန်၊ တစ်ကျပ်တန် ဆွမ်းတွေ ချက်ပြုတ်စီမံပြီး အရှင်မဟာကစ္စည်းမထေရ် အမှူးပြုတဲ့ အရှင်မြတ်ရှစ်ပါးကို ဆက်ကပ်လှူဒါန်းခဲ့ပါတယ်။ အရှင်မဟာ ကစ္စည်းမထေရ်မြတ်လဲ ဆင်ခြင်လိုက်တဲ့အခါ သူဌေးသမီးရဲ့ အားကြီးတဲ့ကောင်းမှုကို မြင်တော်မူတဲ့ အတွက် "အခု သူဌေးသမီး ဘယ်မှာလဲ" လို့ မေးတော်မူပါတယ်။ အထိန်းတော်ကြီးက "အိပ်ခန်းထဲမှာ ပါ အရှင်ဘုရား" လို့ လျှောက်ထားတဲ့အခါ မထေရ်မြတ်က "ဆွမ်းဒကာမ သူဌေးသမီးကို ခေါ်ခဲ့ပါ"လို့ မိန့်တော်မူပါတယ်။ ဆွမ်းဒကာမ သူဌေးသမီးလဲ မထေရ်မြတ်တွေအပေါ် ရိုသေလေးစားတဲ့အတွက် စကားတစ်ခွန်းထဲနဲ့ပဲ မထေရ်မြတ်တွေရှေ့ ရောက်လာပြီး ရှိခိုးဦးချကန်တော့ကာ အားကြီးတဲ့ ကြည်ညိုသဒ္ဓါစိတ်ကို တစ်ဖွားဖွား ဖြစ်ပွားစေခဲ့ပါတယ်။ လယ်ယာမြေကောင်းနဲ့တူတဲ့ ဒီသာသနာတော် မှာ သဒ္ဓါကြည်ဖြူ ကြဲချလှူဒါန်းတဲ့ ဆွမ်းအလှူဒါနမျိုးစေ့ဟာ မျက်မှောက်ဘဝမှာပဲ အကျိုးပေးပါတယ်။ ဒါ့ကြောင့် မထေရ်မြတ်တွေကို ရှိခိုးလိုက်တာနဲ့ တစ်ပြိုင်နက် ဆွမ်းဒကာမ သူဌေးသမီးရဲ့ ဆံပင်တွေ မူလပကတိအတိုင်း ပြန်ဖြစ်လာခဲ့ပါတယ်။ မထေရ်မြတ်တွေလဲ ဆွမ်းအလှူခံတော်မူပြီး သူဌေးသမီး ရှေ့မှာတင်ပဲ ကောင်းကင်ပေါ် ပျံတက်ကြွသွားကြကာ စဏ္ဍာပဇ္ဇောတမင်းရဲ့ ကဉ္စနဝနလို့ ခေါ်တဲ့ ဥယျာဉ်တော်ထဲမှာ သက်ဆင်းတော်မူခဲ့ကြတယ်။

ဥယျာဉ်တော်စောင့်က မထေရ်မြတ်ကို မြင်တွေ့ပြီး ရှင်ဘုရင့်ထံ သွားရောက်ကာ "အရှင် မင်းကြီး....အကျွန်ပ်တို့ရဲ့ ပုရောဟိတ် အရှင်ကစ္စည်းဟာ ရဟန်းဝတ်ပြီး ဥယျာဉ်တော်ထဲ ရောက်နေ ပါတယ်"လို့ သံတော်ဦးတင်လိုက်ပါတယ်။ စဏ္ဍာပဇ္ဇောတမင်းလဲ ဥယျာဉ်တော်သို့ သွားပြီး ဆွမ်းစား ပြီးတဲ့ မထေရ်မြတ်ကို ထိခြင်းငါးပါးနဲ့ ရှိခိုးဦးချကန်တော့ကာ သင့်တော်တဲ့နေရာမှာ ထိုင်နေရင်း "အရှင်ဘုရား... မြတ်စွာဘုရားရှင် အဘယ်မှာပါလဲဘုရား" လို့ မေးမြန်းလျှောက်ထားပါတယ်။ ဒီအခါ မထေရ်မြတ်က "မြတ်သောမင်းကြီး....မြတ်စွာဘုရားရှင်က ကိုယ်တိုင် ကြွတော်မမူဘဲ ငါ့ကို စေလွှတ် လိုက်ပါတယ်" လို့ ဖြေကြားပါတယ်။ ရှင်ဘုရင်က "အရှင်ဘုရား...ဒီနေ့အတွက် ဆွမ်းကို အဘယ်

အရပ်က ရခဲ့ပါသလဲဘုရား" လို့ မေးမြန်းလျှောက်ထားတဲ့အခါ မထေရ်မြတ်က မင်းကြီး အမေးနဲ့ လိုက်လျောညီညွတ်စွာပဲ ဆွမ်းဒကာမသူဌေးသမီး ခဲခဲယဉ်းယဉ်း ပြုလုပ်ခဲ့တဲ့ ကောင်းမှုကုသိုလ် အကြောင်းကို အကုန်လုံး ပြန်လည်မိန့်ကြားခဲ့ပါတယ်။

စက္ကာပဇ္ဇောတမင်းကြီးဟာ အရှင်မဟာကစ္စည်းမထေရ်အတွက် သီတင်းသုံးဖို့ နေရာဌာနကို စီစဉ်ပေးကာ မထေရ်မြတ်ကို နောက်တစ်နေ့ဆွမ်းအတွက် ပင့်ဖိတ်ပြီးနောက် ရှေ့နန်းတော်ကို ပြန်သွားခဲ့ပါတယ်။ နန်းတော်ရောက်တဲ့အခါ ဆွမ်းဒကာမသူဌေးသမီးကို မင်းအာဏာနဲ့ ခေါ်ယူပြီး အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးအရာထားကာ မြှောက်စားခဲ့ပါတယ်။ ဒါကတော့ ဆွမ်းဒကာမသူဌေးသမီးရဲ့ ဆွမ်းလှူဒါန်းစဉ်က ဖြစ်ပေါ်ခဲ့တဲ့ ကုသိုလ်စေတနာတွေထဲက ပထမဇောစေတနာအတွက် အခုမျက်မှောက်ဘဝမှာဖြစ်တဲ့ စည်းစိမ်ချမ်းသာကို ရရှိမှုပဲ ဖြစ်ပါတယ်။

အဲဒီအချိန်ကစပြီး စက္ကာပဇ္ဇောတမင်းကြီးဟာ အရှင်မဟာကစ္စည်းမထေရ်ကို ကြီးကျယ်တဲ့ ပူဇော်သက္ကာရမှုကို ပြုပါတယ်။ အရှင်မဟာကစ္စည်းမထေရ်ရဲ့ တရားစကားအပေါ် ကြည်ညိုကြတဲ့အတွက် အမျိုးကောင်းသား တော်တော်များများဟာ မထေရ်မြတ်ထံမှာ ရဟန်းပြုခဲ့ကြတယ်။ အဲဒီအချိန်ကစပြီး ဥဇ္ဇေနီပြည်မှာ သင်္ကန်းရောင်တွေလွှမ်းပြီး သာသနာ ထွန်းကားခဲ့ပါတယ်။

အဲဒီမိဖုရားလဲ ကိုယ်ဝန်ရပြီး ဆယ်လလွန်မြောက်တဲ့အခါ သားလေး ဖွားမြင်ခဲ့ပါတယ်။ ဒီသားလေးရဲ့ အမည်ပေးတဲ့နေ့မှာ အဖိုးဖြစ်တဲ့ ဂေါပါလသူဌေးရဲ့ အမည်အတိုင်း ဂေါပါလမင်းသား လို့ အမည်ပေးခဲ့ကြတယ်။ မိဖုရားကြီးလဲ သားရဲ့နာမည်နဲ့ဆက်စပ်ပြီး ဂေါပါလရဲ့ မိခင်လို့ အမိပ္ပါယ်ရတဲ့ ဂေါပါလမာတာ မိဖုရားလို့ အမည်ထင်ရှားခဲ့တယ်။ ဂေါပါလမာတာမိဖုရားကြီးဟာ အရှင်မဟာကစ္စည်းမထေရ်အပေါ် အလွန်ကြည်ညိုတဲ့အတွက် မင်းကြီးထံ ခွင့်ပန်ပြီး ကဉ္စနဝနဥယျာဉ်တော်ထဲမှာ မထေရ်မြတ်အတွက် ကျောင်းတိုက်ကြီး ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။

မေ့မေ့လျော့လျော့ နေကြတဲ့ ရဟန်းတော်များကို တရားဟောပုံ

အရှင်မဟာကစ္စည်းမထေရ်ဟာ တစ်နေ့မှာတော့ ရဟန်းတွေ တော်တော်များများ တရားအားထုတ်တဲ့အလုပ်ကို ပယ်စွန့်ပြီး အလုပ်ကိစ္စများ၊ အပေါင်းအသင်းများ၊ အစားကျူးကာ မေ့မေ့လျော့လျော့ နေနေကြတာကို မြင်တွေ့ရတဲ့အတွက် ဂါထာနှစ်ပုဒ်နဲ့ ခုလို ဆုံးမတရား ဟောခဲ့ပါတယ်။

၁။ ယောဂီရဟန်းဆိုတာ အလုပ်ကိစ္စမများရဘူး၊ လူသူလေးပါးကိုလဲ ရှောင်ရမယ်၊ ပစ္စည်းလေးပါး ရဘို့အတွက် အားမထုတ်ရဘူး၊ ပစ္စည်းလေးပါး ရဘို့အတွက်ပဲ ကြိုးစားအားထုတ်ပြီး အစားအသောက်အရသာတွေမှာ တပ်မက်မောတဲ့ သူဆိုတာ မင်္ဂလာနိဗ္ဗာန်ချမ်းသာကို ပေးစွမ်းနိုင်တဲ့ သီလ၊ သမာဓိအကျင့်တွေကို စွန့်လွှတ်ထားသူဖြစ်တယ်။

၂။ လူတွေရဲ့ ရှိခိုးမှုတွေ၊ ပူဇော်မှုတွေဟာ ဘုရားစတဲ့အရိယာသူတော်ကောင်းတွေရဲ့အမြင်မှာတော့ ပက်-ရှ့ဉ္ဇန် တွေပါပဲ။ အနှုတ်ရခက်တဲ့ ဆူးပြောင့်တွေပါပဲ။ မသူတော်တွေကတော့ ဒီလို ရှိခိုးမှု ပူဇော်မှုစတဲ့ သက္ကာရ-အရိအသေပေးမှု တွေကို ပယ်စွန့်ဖို့ရန် ခက်ခဲလှပါတယ်။

ဒီဂါထာနှစ်ပုဒ်က ထေရဂါထာပါဠိတော်မှာ မှတ်တမ်းတင်ထားတာပါ၊ ဒီဂါထာ နှစ်ပုဒ်ရဲ့ အဓိပ္ပါယ်ကို ထေရအဋ္ဌကထာ ဒုတိယအုပ်မှာ ခုလို ရှင်းပြထားပါတယ်။ **အလုပ်ကိစ္စ မများရဘူး**ဆိုတာ ရဟန်းတရား အားထုတ်ဖို့အတွက် အနှောက်အယှက်ဖြစ်တဲ့ ကျောင်းသစ် ကန်သစ်ဆောက်ခြင်းစတဲ့ နဝကမ္မ အမှုသစ်ကိစ္စကြီးတွေကို မဆောင်ရွက်ရဘူးလို့ ဆိုလိုတာပါ၊ အသေးစားကိစ္စတွေဖြစ်တဲ့ တံမျက်လှည်းခြင်း၊ ကျောင်းဟောင်းပြင်ဆင်ခြင်း၊ ကျိုးတာ ပဲ့တာတွေကို ပြင်ဆင်ခြင်းစတဲ့ ကိစ္စရပ်တွေ ကတော့ ဘုရားရှင်က မဖြစ်မနေ လုပ်ကို လုပ်ရမယ်လို့ ပညတ်ထားတဲ့အတွက် တရား အားထုတ်နေတဲ့သူဆိုပေမဲ့လဲ ဘုရားရှင်ရဲ့စကားကို ပူဇော်တဲ့ အနေနဲ့ မဖြစ်မနေ လုပ်ရမှာပါ။ **လူသူလေးပါးကို ရှောင်ရမယ်** ဆိုတာ အပေါင်းအဖော်တွေနဲ့ တရုံးရုံး သွားလာပေါင်းသင်း နေထိုင်တာကို ရှောင်ရမယ်၊ နောက်ပြီး အကြင်ပုဂ္ဂိုလ်တွေကို ပေါင်းဖော်မှီဝဲဆည်းကပ်တဲ့အတွက် ကိုယ့်မှာ အကုသိုလ်တွေ တိုးမယ်၊ ကုသိုလ်တွေ ဆုတ်ယုတ်မယ်ဆိုရင် အဲဒီလို ပုဂ္ဂိုလ်မျိုး၊ အပေါင်းအသင်းမျိုးတွေကို ရှောင်ကြဉ်ရမယ်လို့ ဆိုလိုတာဖြစ်ပါတယ်။ **ပစ္စည်းလေးပါး ရလိုမှုအတွက် အားမထုတ်ရဘူး**ဆိုတာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဆိုတဲ့ ပစ္စည်းလေးပါး ရရှိရေးအတွက် လူတွေကို အောက်ကျိုခြင်း၊ လူ့အကျိုး လူ့ကိစ္စတွေကို ဆောင်ရွက်ပေးခြင်းစတဲ့ ကိစ္စရပ်တွေကို မလုပ်ရဘူးလို့ ဆိုလိုတာပါ။

မထေရ်မြတ်က ပထမဂါထာနဲ့ အလုပ်ကိစ္စများတာ၊ အပေါင်းအဖော်တွေနဲ့ ပျော်မွေ့ပြီးနေတာ၊ ပစ္စည်းလေးပါးအပေါ်မှာ တပ်မက်တာတွေကို ရှောင်ကြဉ်ဖို့ ဆုံးမတော်မူပြီး ဒီ ဒုတိယဂါထာကိုတော့ ရှိခိုးတာ၊ ပူဇော်တာ၊ လှူဒါန်းတာ စတဲ့ အရိအသေပေးမှုသက္ကာရတွေအပေါ် သာယာတပ်မက်နေတာကို ကဲ့ရဲ့လိုတဲ့အတွက် ဟောခဲ့ တာဖြစ်ပါတယ်။ **ဒုတိယဂါထာရဲ့ အဓိပ္ပါယ်က** "ဆွမ်းခံကြွလာတဲ့ ရဟန်းတော်တွေကို လူတွေက ချီးကျူးကြ၊ ရှိခိုးကြ၊ ပူဇော်ကြ၊ လှူဒါန်းကြတယ်။ ဒါတွေကို အရိအသေပေးခြင်း-သက္ကာရ လို့ခေါ်ပါတယ်။ ဒီ သက္ကာရအမှုတွေကို ဘုရားစတဲ့အရိယာသူတော်ကောင်းတွေက ပက်-ရှ့ဉ္ဇန်နဲ့တူတယ်တဲ့၊ ဘာလို့လဲဆိုတော့ တရားကို တကယ်တမ်း တရားအားမထုတ်ထားတဲ့ ပုဂ္ဂိုလ်တွေ အတွက်တော့ ဒီ သက္ကာရမှုတွေဟာ အောက်ကို နစ်မြုပ်စေတတ်တယ်၊ ကိလေသာ အညစ်အကြေးတွေကို ဖြစ်ပေါ်စေပြီး ညစ်နွမ်းသွားတတ်တယ်၊ ဒါ့ကြောင့် ဒီ သက္ကာရမှုတွေကို ပက်-ညှဉ်နဲ့တူတယ် လို့ မိန့်ကြတာဖြစ်တယ်။ တရားကို တကယ်တမ်း ပိုင်းခြားမသိသေးတဲ့ အနှစ်ပုထုဇဉ်တွေအတွက်တော့ ဒီ သက္ကာရမှုတွေဟာ အနှုတ်ရခက်တဲ့ သိမ်မွေ့တဲ့ ဆူးပြောင့်တွေနဲ့တူတယ်လို့လဲ အရိယာသူတော်ကောင်းတွေက မိန့်ကြပါတယ်။ ပကတိ သိမ်မွေ့တဲ့ ဆူးပြောင့်တွေ စူးရင် စူးမှန်းလဲ

ရုတ်တရက် မသိနေဘူး၊ သိလို့ နှုတ်ပြန်ရင်လဲ အနှုတ်ရခက်ပြီး ဆူးက ပိုလို့ အသားထဲ စိုက်ဝင် တိုးဝင်သွားတယ်။ နာကျင်မှုကိုလဲ ဖြစ်စေတယ်။ ဒီသဘောလိုပဲ လူတွေရဲ့ ပူဇော်မှုတွေ၊ ရှိခိုးမှုတွေစတဲ့ အရိုအသေပြုခြင်း-သက္ကာရကို သာယာနေခြင်းဟာလဲ တရားလုပ်နေတဲ့ပုဂ္ဂိုလ်တွေအတွက် အနှုတ်ရခက်တဲ့ သိမ်မွေ့တဲ့ ဆူးပြောင့်ပဲ ဖြစ်ပါတယ်။ ဒီလို သက္ကာရမှုမျိုးကို အန္ဓပုထုဇဉ်လူညံ့တွေ ကတော့ မပယ်နိုင်ဘူး၊ ပယ်စွန့်ဖို့ ခက်ပါတယ်။ ဒါ့ကြောင့် ဒီ သက္ကာရကို သာယာတဲ့ တဏှာကို ပယ်ဖို့ ကြိုးစားကြပါ" လို့ ဆိုလိုတာ ဖြစ်ပါတယ်။

စက္ကာပဇ္ဇောတမင်းကြီးအား ဆုံးမတော်မူပုံ

စက္ကာပဇ္ဇောတမင်းဆိုတာ ရက်စက်ကြမ်းကြုတ်တဲ့မင်း ဖြစ်ပါတယ်။ ဒီမင်းဟာ ပုဏ္ဏားတွေ အပေါ် ယုံကြည်ပြီး သူတို့ပြောတဲ့အတိုင်း သားကောင်တွေ သတ်ဖြတ်ပြီး ယဇ်နတ်ပူဇော်တာတွေကို ပြုလုပ် ခိုင်းလေ့ရှိပါတယ်။ သေချာမစုံစမ်း မစစ်ဆေးဘဲ သူခိုးဓားပြမဟုတ်သူတွေကိုလဲ သူးခိုးဓားပြလို့ သတ်မှတ်ပြီး ပြစ်ဒဏ်ပေးတတ်တယ်၊ တရားဆုံးဖြတ်ရာမှာလဲ ပစ္စည်းပိုင်ရှင်မဟုတ်တဲ့သူတွေကို ပစ္စည်းပိုင်ရှင်အဖြစ်၊ ပစ္စည်းပိုင်ရှင်တွေကိုတော့ ပစ္စည်းပိုင်ရှင်မဟုတ်သူအဖြစ် တလွဲပြောင်းပြန် မတရားဆုံးဖြတ်တတ်တယ်။ ဒါ့ကြောင့် ဒီလို တရားမဲ့ အဓမ္မကျင့်မှုတွေကနေ ရှောင်စေချင်တဲ့အတွက် အရှင်မဟာကစ္စည်းမထေရ်မြတ်က စက္ကာပဇ္ဇောတမင်းကို ဂါထာ ခြောက်ဂါထာနဲ့ ဆုံးမတော်မူခဲ့ပါတယ်။

၁။ သူတစ်ပါးကို အကြောင်းပြုပြီး ယုတ်ညံ့တဲ့အကုသိုလ်အမှုတွေကို သူတစ်ပါးကို အပြုမခိုင်းရာ၊ ကိုယ်တိုင်လဲ မပြုလုပ်ရာ၊ သတ္တဝါတွေဟာ ကံသာလျှင်ဆွေမျိုးရှိကြတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ (ကိုယ်ပြုလုပ်တဲ့ကံရဲ့ ကောင်းကျိုးဆိုးပြစ်ကို ကိုယ်ကိုယ်တိုင်ပဲ တာဝန်ယူရတဲ့ အတွက်ကြောင့် ဖြစ်တယ်။)

၂။ လူတစ်ယောက်ဟာ သူတပါး စကားမျှနဲ့ ခိုးသူ သူယုတ် မဖြစ်ပါ၊ သူတစ်ပါး စကားမျှနဲ့ စင်ကြယ်တဲ့ သူတော်ကောင်းလဲ မဖြစ်ပါ။ မိမိဟာ လူကောင်းလား၊ လူယုတ်မာလားဆိုတာ မိမိကိုယ်တိုင် အသိဆုံးဖြစ်သလို နတ်တွေ၊ သူတစ်ပါးစိတ်ကို သိနိုင်တဲ့ တန်းခိုးရှင်တွေကလဲ သိကြတယ်။

၃။ ပညာမဲ့တဲ့ လူဗာလတွေဟာ "သတ္တဝါတွေဟာ အမြဲမပြတ် သေမဲ့ဖက် သွားနေကြတယ်"လို့ မသိကြဘူး၊ ဒါ့ကြောင့် ငြင်းခုံခိုက်ရန်ဖြစ်ကြတယ်၊ ညှင်းပန်းနှိပ်စက်မှုတွေကို ပြုကြတယ်။ ပညာရှိတဲ့ သူတော်စင်တွေကတော့ သေရမယ်ဆိုတာ သိတဲ့အတွက် ရန်ဖြစ်တာတွေ၊ ငြင်းခုံတာတွေ၊ ညှင်းပန်းနှိပ်စက်တာတွေ ငြိမ်းအေးအောင်ပဲ ကျင့်ကြတယ်။

၄။ ပစ္စည်းဥစ္စာ ကုန်ဆုံးစေကာမူ အသိပညာနဲ့အသက်မွေး အသက်ရှင် ရပ်တည်သူမှ ရှင်သူ ဖြစ်တယ်။ ပစ္စည်းဥစ္စာတွေ ဘယ်လောက်ပဲရှိရှိ အသိဉာဏ် ကင်းမဲ့နေရင်တော့ ဒီလူဟာ အသက်ရှင်နေသူ ဖြစ်နေဦးတော့ ရှင်သူ မဟုတ်ဘူး၊ သေသူ ပဲ ဖြစ်တယ်။

ဒီလေးဂါထာရဲ့ အဓိပ္ပါယ်ကို ထေရဂါထာအဋ္ဌကထာအဖွင့်အတိုင်း ရှင်းပြပါဦးမယ်။ ပထမဂါထာရဲ့ ဆိုလိုရင်းက "သတ္တဝါတွေဆိုတာ ကံရဲ့အမွေခံတွေ ဖြစ်တဲ့အတွက်ကြောင့် သူတစ်ပါးပြောတာ နားထောင်ပြီး သူတစ်ပါးခိုင်းတဲ့အတိုင်း ယုတ်ညံ့တဲ့ မကောင်းမှုအကုသိုလ်မှုတွေကို သူတစ်ပါးကိုလဲ မလုပ်ခိုင်းရဘူး၊ ကိုယ်ကိုယ်တိုင်လဲ မလုပ်ရဘူး"လို့ ဆိုလိုတာပါ။ ကိုယ်လုပ်ထားတဲ့ ကောင်းကံ၊ ဆိုးကံတွေရဲ့ ကောင်းကျိုး၊ ဆိုးပြစ်တွေကို ကိုယ်ကိုယ်တိုင်ပဲ တာဝန်ယူရတာ ဖြစ်လို့ပါ။

ဒုတိယဂါထာကတော့ "ကိုယ်က မခိုးဘဲနဲ့ သူများက ကိုယ့်ကို သူခိုးပဲလို့ စွပ်စွဲပြောဆိုရုံနဲ့တော့ ကိုယ်က သူခိုး ဖြစ်မသွားပါဘူး။ ကိုယ်က တကယ်စင်ကြယ်တဲ့ သူတော်ကောင်းမဟုတ်ဘဲနဲ့ သူများက ကိုယ့်ကို ကိုယ်နှုတ်စိတ် ကံသုံးပါးလုံး စင်ကြယ်တဲ့ သူတော်ကောင်းပဲလို့ ချီးမွမ်းပြောဆိုရုံနဲ့လဲ ကိုယ်က တကယ့်သူတော်ကောင်း ဖြစ်မသွားပါဘူး။ ငါဟာ သူတော်ကောင်းလား၊ သူယုတ်မာလား ဆိုတာ ကိုယ်ကိုယ်တိုင် သိသလို နတ်တွေ၊ သူတစ်ပါးစိတ်ကို သိတဲ့ တန်ခိုးရှင်တွေကလဲ သိကြပါတယ်" လို့ ဆိုလိုတာ ဖြစ်ပါတယ်။

တတိယဂါထာအနေနဲ့တော့ "ကုသိုလ်နဲ့ အကုသိုလ်၊ ပြစ်ရှိနဲ့ ပြစ်မဲ့၊ ကံနဲ့ ကံအကျိုးစတာတွေကို ခွဲခြားနားမလည်တဲ့ ပညာမဲ့ လူဗာလတွေဟာ ငါတို့ သေရမှာပါလားဆိုတာ မသိကြတဲ့အတွက် သူတစ်ပါးကို ညှင်းဆဲကြ၊ သတ်ဖြတ်ကြ၊ ငြင်းခုံကြ၊ ရန်ဖြစ်ကြတယ်။ ကြောင်းကျိုးခွဲခြားနားလည်တဲ့ ပညာရှိသူတော်ကောင်းတွေကတော့ သေကြရမယ်ဆိုတာ သိတဲ့အတွက် မသေခင် ဘဝတစ်ခု ခဏာရတဲ့အချိန်လေးအတွင်းမှာ သူတပါးကို မညှင်းဆဲ၊ မသတ်ဖြတ်ကြဘူး၊ မငြင်းမခုံကြဘူး၊ ရန်မဖြစ်ကြဘူး။ ငြိမ်းချမ်းအောင်ပဲ ကျင့်ကြံကြိုးစားကြတယ်။"လို့ ဆုံးမလိုတာ ဖြစ်ပါတယ်။ အရှင်မဟာကစ္စည်းမထေရ်က စဏ္ဍပဇ္ဇောတမင်းကို "သင်ဟာ အသိပညာမဲ့တဲ့အတွက်ကြောင့် သင့်ရဲ့ အသက်ရှင်ရပ်တည်နိုင်ဖို့အတွက် သူခိုးမဟုတ်တဲ့သူကို သူခိုးလို့ စွပ်စွဲပြီး ပြစ်ဒဏ်ပေး ညှင်းပန်းနှိပ်စက်တယ်၊ တရားဆုံးဖြတ်တဲ့နေရာမှာလဲ ပစ္စည်းရှင်ကို ပစ္စည်းရှင်မဟုတ်လို့ ဆုံးဖြတ်ပြီး ဓနဥစ္စာကုန်ဆုံးစေတဲ့ နည်းနဲ့ ဒုက္ခရောက်အောင်လုပ်တယ်" လို့ မိန့်ချင်တဲ့ သဘောပါ။

စတုတ္ထဂါထာမှာတော့ "အဲဒီလို ညှင်းပမ်းနှိပ်စက်မှုတွေ မပြုဘဲ ပညာနဲ့ အသက်မွေးပါ၊ ပစ္စည်းဥစ္စာတွေ ကုန်ဆုံးလို့ ဓနမဲ့တဲ့သူ ဖြစ်ပါစေ အသိဉာဏ်လေးနဲ့ယှဉ်ပြီး ကိုယ့်ရှိတာလေးနဲ့ ရောင့်ရဲတင်းတိမ်ကာ အပြစ်ကင်းတဲ့ အသက်မွေးမှုနဲ့ အသက်ရှင် ရပ်တည်ပါ။ ဒါမှ ရှင်သူ ဖြစ်ပါမယ်။ အသိဉာဏ်ကင်းမဲ့တဲ့ လူဗာလတွေကတော့ ပစ္စည်းဥစ္စာတွေ ဘယ်လောက်ပဲ ပြည့်စုံပြည့်စုံ၊ ဉာဏ်ပညာမရှိတဲ့အတွက် ဒီဘဝ အကျိုးစီးပွားနဲ့ နောင်တမလွန်အကျိုးစီးပွားတွေ ဆုတ်ယုတ်လွဲချော်

စေပြီး ရှင်လျက် သေသူတွေ ဖြစ်ကြတယ်။" လို့ ပညာနဲ့အသက်မွေးခြင်းကသာ အမြတ်ဆုံး ဖြစ်ကြောင်းကို သိစေလိုတာပါ။

အိပ်မက်ပေးပြီး တရားဟောခဲ့

အရှင်မဟာကစ္စည်းမထေရ်မြတ်ဟာ ဒီဂါထာလေးပုဒ်ကို စဏ္ဍာပဇ္ဇောတမင်းကြီးကို အိပ်မက်ပေးပြီး အိပ်မက်ထဲမှာ ဟောခဲ့တာဖြစ်ပါတယ်။ ဒီမင်းက ကြမ်းတမ်းတဲ့ မင်းဆိုတော့ တိုက်ရိုက်ဟောရင် စိတ်ဆိုးအမျက်ထွက်သွားနိုင်လို့ ထင်ပါရဲ့။ စဏ္ဍာပဇ္ဇောတမင်းဟာ အိပ်မက် မြင်မက်ပြီး မထေရ်မြတ်ကို ရှိခိုးရင်းနဲ့ပဲ နိုးလာပါတယ်။ မနက်မိုးလင်းတဲ့အခါ မထေရ်မြတ်ထံ ချဉ်းကပ်ပြီး ရှိခိုးကန်တော့ကာ သူ ညကအိပ်မက် မက်တဲ့အတိုင်း မထေရ်မြတ်ကို လျှောက်ထားခဲ့ပါတယ်။ အဲဒီအခါကျမှ အရှင်မဟာကစ္စည်းမထေရ်လဲ အဲဒီလေးဂါထာကို ထပ်မံဟောကြားပြီး နောက်ထပ် နစ်ဂါထာကို ဆက်ဟောပါတယ်။

၅။ နားနဲ့ အကုန်လုံး ကြားရမှာပဲ၊ မျက်စိနဲ့ အရာအားလုံးကို မြင်တွေ့နေမှာပဲ။ ဒါပေမဲ့ ပညာရှိဆိုတာ ကြားသမျှ မြင်သမျှ အရာအားလုံးကို ပယ်စွန့်ရမှာလဲ မဟုတ်ဘူး၊ လက်ခံရမှာလဲ မဟုတ်ဘူး။

၆။ အကျိုးမရှိတာတွေနဲ့ ပတ်သက်လာရင် မျက်စိအမြင်ကောင်းပေမဲ့ ကန်းသူလို ကျင့်ရတယ်။ နားကောင်းပေမဲ့ နားပင်းသူလို ကျင့်ရတယ်။ စကားပြောနိုင်ပေမဲ့ စကားမပြောနိုင်တဲ့ အအလို ကျင့်ရတယ်။ အားကောင်းပေမဲ့ အားနဲ့သူလို ကျင့်ရတယ်။ အကျိုးရှိတဲ့ ကောင်းတဲ့ကုသိုလ်မှု ကိစ္စတွေ ဆိုရင်တော့ သေတဲ့အထိ မဖြစ်မနေ ကြိုးစားအားထုတ်ရတယ်။

အကန်းလို၊ နားပင်းလို၊ အ,အလို၊ အားမရှိသူလို့ ကျင့်ပါ

ဒီနစ်ဂါထာလုံးရဲ့ ဆိုလိုရင်းအဓိပ္ပါယ်ကတော့ "နားဆီ ရောက်လာတဲ့ အသံမှန်သမျှ ကောင်းတဲ့ စကားသံရော၊ မကောင်းတဲ့စကားသံတွေပါ နားမပင်းတဲ့သူဆို နားနဲ့ အကုန်လုံး ကြားနေရမှာပဲ၊ မျက်စိနဲ့လဲ မျက်စိရှေ့ရောက်လာတဲ့ ကောင်းတဲ့အဆင်းရော၊ မကောင်းတဲ့အဆင်းတွေပါ အကုန်လုံး မျက်လုံးမကန်းရင် မြင်တွေ့နေရမှာပဲ။ ဒါပေမဲ့ ဉာဏ်ပညာနဲ့ပြည့်စုံတဲ့ ပညာရှိပုဂ္ဂိုလ်ဟာ ဒီ မြင်မြင်သမျှ၊ ကြားကြားသမျှ အရာတွေအားလုံးကို ပယ်စွန့်ရမှာလဲ မဟုတ်သလို လက်ခံရမှာလဲ မဟုတ်ပါဘူး။ အကျိုးရှိ၊ မရှိ ဉာဏ်နဲ့စဉ်းစားနှိုင်းချိန်ပြီး ပယ်စွန့်သင့်တဲ့အရာတွေကို ပယ်စွန့်ရမှာ ဖြစ်တယ်၊ လက်ခံသင့်တဲ့အရာကို လက်ခံရမှာ ဖြစ်တယ်။ ဒါ့ကြောင့် မျက်စိအမြင်ကောင်းသူ ဖြစ်ပေမဲ့ ပယ်စွန့်သင့်တဲ့ အာရုံတွေကို မြင်ရရင် မျက်စိကန်းနေသူလို ကျင့်သုံးရမှာ ဖြစ်တယ်၊ နလုံးမသွင်းပဲ ပယ်စွန့်ထိုက်တဲ့ မကောင်းတဲ့စကားသံတွေကို ကြားရတဲ့အခါ နားမပင်းပေမဲ့ နားပင်းသူလို ကျင့်ရမယ်၊ မပြောသင့် မပြောထိုက်တဲ့အခါ စကားပြောတတ်ပေမဲ့ စကားမပြောတတ်တဲ့ အ,နေတဲ့သူလို ကျင့်ရ

မယ်၊ မလုပ်သင့်မလုပ်ထိုက်တဲ့ အကုသိုလ်အလုပ်တွေဆိုရင် အားအင်နဲ့ပြည့်စုံသူဖြစ်ပေမဲ့ အားမရှိသူလို ကျင့်ရမယ်။ မိမိကိုယ်တိုင် အားထုတ်ရမဲ့ ကောင်းတဲ့ကုသိုလ်ရေးကိစ္စတွေ ဆောင်ရွက်ဖို့ လိုလာပြီဆိုရင်တော့ သေခါနီးလို့ အိပ်ရာထဲရောက်နေရင်တောင် ပြီးစီးအောင် လုပ်ရမယ်၊ မချွတ်ယွင်းစေရပါဘူး။ မလုပ်သင့် မလုပ်ထိုက်တဲ့ ဒုစရိုက်အကုသိုလ်အမှုတွေ လုပ်ဖို့ ကြံ့လာရင် သေရာညောင်စောင်း လျောင်းစက်နေရတဲ့အခါ ဖြစ်စေဦးတော့ အဲဒီကိစ္စမျိုးတွေကို လုပ်ကို မလုပ်ရပါဘူး။ ပညာရှိသူဆိုရင် မသင့်တဲ့ကိစ္စမျိုးကို မလုပ်ထိုက်လို့ပါဘဲ။" လို့ ဆိုလိုတာ ဖြစ်ပါတယ်။

အရှင်မဟာကစ္စည်းမထေရ်က ဒီဂါထာခြောက်ပုဒ်နဲ့ ဆုံးမသြဝါဒပေးလိုက်တဲ့အခါ စဏ္ဍ-ပဇ္ဇောတမင်းလဲ မလုပ်သင့်မလုပ်ထိုက်တဲ့ အကုသိုလ်မှုကိစ္စတွေကို ပယ်စွန့်ပြီး လုပ်သင့်လုပ်ထိုက်တဲ့ ကောင်းမြတ်တဲ့ ကိစ္စတွေကိုသာ မပြတ်တမ်း ဆောင်ရွက်လုပ်ကိုင်ကာ နေခဲ့ပါတော့တယ်။ အရှင်မဟာကစ္စည်းမထေရ်မြတ်လဲ ဥဇ္ဇေနီပြည်သူပြည်သားတွေကို သာသနာတော်မှာ သက်ဝင်ကြည်ညိုစေပြီး မြတ်စွာဘုရား အထံ ပြန်ကြွသွားတော်မူခဲ့ပါတယ်။

မြတ်စွာဘုရားရှင်ဟာ နောင်တချိန် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူပြီး ရဟန်းတော်တွေကို ဇာတဂ်ဘွဲ့ထူး အပ်နှင်းတော်မူတဲ့အခါ မဓုပိဏ္ဍိကသုတ်၊ ကစ္စာယနပေယျာလသုတ် ခေါ်ဘဒ္ဒေကရတ္တသုတ်၊ ပါရာယနသုတ် ဒီသုတ္တန်သုံးခုကို အကြောင်းပြုပြီး "ရဟန်းတို့...အကျဉ်းဟောကြားတဲ့ တရားစကားရဲ့ အနက်အဓိပ္ပါယ်ကို အကျယ်ဝေဘန် ခွဲခြားစိတ်ဖြာပြီး ဟောကြားတတ်တဲ့ ငါဘုရားရဲ့ တပည့်ရဟန်းတွေထဲမှာ မဟာကစ္စာနရဟန်းဟာ အသာဆုံး အမြတ်ဆုံး ဖြစ်ပါပေတယ်" လို့ ချီးကျူးတော်မူကာ ဇာတဂ်အရာ ထားတော်မူခဲ့ပါတယ်။

(၈) အရှင်မဟာကစ္စည်းမထေရ် အကျယ်ချဲ့ဟောတဲ့ တရားတော်များ

(၁) မဓုပိဏ္ဍိကသုတ်

တစ်ခါမှာတော့ မြတ်စွာဘုရား နေ့ဆွမ်းစားပြီးလို့ ကပိလဝတ်ပြည် မဟာဝုန်တောမှာ သီတင်းသုံးနေတဲ့အချိန် ဒေဝဒတ်ရဲ့ဘက်တော်သား ဒဏ္ဍပါဏိအမည်ရတဲ့ သာကီဝင်မင်းသားတစ်ယောက် မဟာဝုန်တောလာရင်းက ဘုရားရှင်ကို မြင်တာနဲ့ "အရှင်ရဟန်းဟာ အဘယ်အယူရှိပါသလဲ၊ အဘယ်ကို ပြောကြားလေ့ရှိပါသလဲ" လို့ မေးပါတယ်၊ သူက သိချင်လို့ မေးတာတော့ မဟုတ်ပါဘူး၊ ပက်ပင်းတွေ့လို့ ပြောစရာစကား မရှိတာနဲ့ မေးတာပါ၊ သာကီမျိုးဖြစ်ပေမဲ့ အရှင်ဒေဝဒတ်က မဲဆွယ်ထားတော့ တစ်ဖက်သတ်နားယောင် အထင်လွဲနေလို့ ဘုရားကို ရှိခိုးဦးချမှုတောင် မလုပ်ပါဘူး။ မတ်တပ်ရပ်ရင်း အဂါရဝအမှုအရာနဲ့ မေးတာပါ။ မြတ်စွာဘုရားရှင်က မေးတာတောင် မဖြေဘူးလို့

ပြောစရာလဲမဖြစ်အောင် သူနားမလည်နိုင်တဲ့ အဖြေကို ခုလို ဖြေလိုက်ပါတယ်။ "ငါ့ရှင်...ငါဟာ တစ်လောကလုံးမှာ ဘယ်သူနဲ့မှ မငြင်းခုံဘဲ ပြောလေ့ရှိတဲ့ အယူရှိတယ်။ ကာမဂုဏ်တွေကနေ ကင်းဆိတ်ပြီးတော့လဲနေ, သံသယ ဝိစိကိစ္ဆာနဲ့ နောင်တပူပန်မှု ကုက္ကုစ္စလဲမရှိ, ဘဝကြီးငယ်အပေါ်မှာ တပ်မက်မှုလဲ ကင်း, ရဟန္တာဖြစ်ပြီးတဲ့ ငါ့မှာ သံသရာနယ်ချဲ့ ပပဉ္စသညာတရားစုတွေဖြစ်တဲ့ ကိလေသာတွေ မကိန်းနိုင် မတည်နိုင်ဘူး၊ အဲဒီ ပပဉ္စသညာတရားစု-ကိလေသာတွေ မကိန်းနိုင် မတည်နိုင်ခြင်းရဲ့ အကြောင်းတရားကို ငါ ပြောကြားလေ့ရှိတယ်" လို့ ဖြေကြားလိုက်ပါတယ်။ ဒဏ္ဍပါဏိလဲ ခေါင်းညိတ် လျှာထုတ် နဖူးရေတွန့်ပြီး ဘာမှနားမလည်ဘဲ ဘုရားရှေ့ကနေ ထွက်သွားခဲ့ပါတယ်။

ဒီအကြောင်းကို ညနေချမ်းအချိန် မြတ်စွာဘုရား ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း ပြန်ရောက်တဲ့အခါ ရဟန်းတော်တွေကို ပြန်လည်မိန့်ကြားတော်မူပါတယ်။ ဒီအခါ ရဟန်းတစ်ပါးက "အရှင်ဘုရား....ဘယ်လိုအယူဝါဒရှိလို့ မြတ်စွာဘုရားဟာ တစ်လောကလုံးမှာ မည်သူနဲ့မျှ မငြင်းခုံရတာပါလဲဘုရား၊ ဘယ်လိုအကြောင်းကြောင့် ကာမဂုဏ်တွေကနေ ကင်းဆိတ်ပြီးတော့လဲနေ, သံသယ ဝိစိကိစ္ဆာနဲ့ နောင်တပူပန်မှု ကုက္ကုစ္စလဲမရှိ, ဘဝကြီးငယ်အပေါ်မှာ တပ်မက်မှုလဲ ကင်း, ရဟန္တာဖြစ်ပြီးတဲ့ အရှင်ဘုရားမှာ သံသရာနယ်ချဲ့ ပပဉ္စသညာတရားစု-ကိလေသာတွေ မကိန်းနိုင် မတည်နိုင်တာပါလဲ ဘုရား" လို့ မေးလျှောက်ပါတယ်။

မြတ်စွာဘုရားရှင်ရဲ့ အဖြေအကျဉ်း

ဒီအခါ မြတ်စွာဘုရားရှင်က "အို ရဟန်း..... အကြင်အကြောင်းတရားကြောင့် သံသရာနယ်ချဲ့ ပပဉ္စသညာတရားစု-ကိလေသာတွေဟာ ပုဂ္ဂိုလ်သတ္တဝါအပေါ်မှာ လွှမ်းမိုးပြီးဖြစ်လာတယ်၊ အဲဒီ အကြောင်းတရားအပေါ်မှာ မစွဲလမ်း မနှစ်သက် မတပ်မက်တော့ဘူးဆိုရင် အဲဒီလို မစွဲလမ်း မနှစ်သက် မတပ်မက်ခြင်းသည်ပင် အနုသယဓာတ်တွေရဲ့ အဆုံးဖြစ်တယ်။ တုတ်ဆွဲ ဓားဆွဲပြီး ရန်ဖြစ်တာတွေ, သဘောထား ကွဲလွဲတာတွေ, ငြင်းခုံတာတွေ, ကြမ်းကြမ်းတမ်းတမ်း ဆဲဆို ပြောဆိုတာတွေ, လိမ်ညာတာတွေရဲ့ အဆုံးဖြစ်တယ်။ ဒီ ပပဉ္စသညာ တရားစု-ကိလေသာတွေ ဖြစ်ပေါ်လာကြောင်း တရားမှာပဲ ယုတ်ညံ့တဲ့ အကုသိုလ်မှန်သမျှ အကြွင်းမဲ့ ချုပ်ငြိမ်းကြတယ်" လို့ မိန့်ကြားတော်မူပါတယ်။ ဒီအဖြေတရားအကျဉ်းကို မိန့်တော်မူပြီးတာနဲ့ မြတ်စွာဘုရားရှင်ဟာ နေရာမှ ထတော်မူကာ ကျောင်းတော်ထဲ ဝင်ကြွသွားပါတယ်။

မြတ်စွာဘုရား ကြွသွားလို့ မကြာခင်မှာပဲ ရဟန်းတော်တွေဟာ "ငါ့ရှင်တို့....မြတ်စွာဘုရားက တရားတော်ကို အကျဉ်းဟောထားခဲ့ပြီ၊ ဒီတရားတော်ကို ဘယ်သူများ အကျယ်ချဲ့ ဟောနိုင်ပါလိမ့်မလဲ" လို့ စဉ်းစား တိုင်ပင်ကြတယ်။ ဒီအခါ " ဒီအရှင်မဟာကစ္စည်းမထေရ်ကတော့ မြတ်စွာဘုရား ချီးမွမ်းတဲ့ပုဂ္ဂိုလ်ဖြစ်တယ်၊ ပညာရှိသီတင်းသုံးဖော်တွေကလဲ သူ့ကို မြှောက်စားကြတယ်၊ မြတ်စွာဘုရား အကျဉ်းဟောတဲ့ တရားကို အကျယ်ချဲ့ဟောနိုင်စွမ်းလဲ ရှိတယ်။ ဒါ့ကြောင့် တို့တတွေ အရှင်မဟာကစ္စည်းထံ ချဉ်းကပ်ပြီး မေးမြန်းရရင် ကောင်းမယ်" လို့ သဘောတူ စဉ်းစားဆုံးဖြတ်ကြ ပြီး အရှင်မဟာကစ္စည်းမထေရ်ထံ မြတ်စွာဘုရား အကျဉ်းဟောခဲ့တဲ့ တရားကို အကျယ်ချဲ့ဟောပေးဖို့ တောင်းပန်လျှောက်ထားကြတယ်။

ဒီအခါ အရှင်မဟာကစ္စည်းမထေရ်က "အနှစ်လိုချင်လို့ အနှစ်ရှာနေတဲ့သူတစ်ယောက်က အနှစ်ရှာရင်း အနှစ်ရှိတဲ့ သစ်ပင်ကြီးရဲ့ အမြစ်တွေ၊ ပင်စည်တွေကို ကျော်ပြီး အကိုင်းအခက်မှာ အနှစ်ရှာသင့်တယ်လို့ မှတ်ထင်သလို သင်တို့လဲ မြတ်စွာဘုရား မျက်မှောက်တော်ဖြစ်ပါလျက် မြတ်စွာဘုရားကို ကျော်လွန်ပြီး ငါ့ကို မေးသင့်တယ်လို့ ထင်မှတ်နေကြတယ်၊ မြတ်စွာဘုရားကိုသာ မေးလျှောက်ပါ"လို့ ရဟန်းတော်တွေကို မိန့်ကြားပါတယ်။ အဲဒီလို မိန့်ကြားပေမဲ့လဲ ရဟန်းတော်တွေက အရှင်မဟာကစ္စည်းမထေရ်ပဲ အကျယ်ဝေဖန်ဟောပေးဖို့ ထပ်မံလျှောက်ထားတဲ့အတွက် အရှင်မြတ်က ခုလို အကျယ်ချဲ့ ဟောခဲ့ပါတယ်။

အကျယ်ဝေဖန် ဟောကြားပုံ

ငါ့ရှင်တို့...မျက်စိနဲ့ အဆင်းကို အကြောင်းပြုပြီး မြင်သိစိတ်ဖြစ်တယ်၊ မျက်စိ, အဆင်း, မြင်သိစိတ် သုံးမျိုးပေါင်းဆုံမိခြင်းကြောင့် အာရုံကိုတွေ့ထိခြင်း-ဖဿဖြစ်တယ်၊ ဖဿကြောင့် ခံစားခြင်း-ဝေဒနာဖြစ်တယ်၊ ခံစားပြီးတဲ့အာရုံကို သညာနဲ့မှတ်သားတယ်၊ မှတ်သားပြီးတဲ့အာရုံကို ဝိတက်နဲ့ ကြံစည်တယ်၊ ကြံစည်ပြီးတဲ့အာရုံအပေါ်မှာ တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲဆိုတဲ့ သံသရာနယ်ချဲ့ ပပဉ္စတရားတွေ ဖြစ်လာတယ်၊ ပပဉ္စတရားတွေ ဖြစ်လာတဲ့အတွက် မျက်စိနဲ့မြင်တွေ့ရတဲ့ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် အဆင်းရူပါရုံတွေကို အကြောင်းပြုပြီး သံသရာနယ်ချဲ့ ပပဉ္စတရားစု-ကိလေသာတွေဟာ အဲဒီပုဂ္ဂိုလ် အပေါ်မှာ အဆက်မပြတ် လွှမ်းမိုးပြီး ဖြစ်နေတော့တယ်။

ငါ့ရှင်တို့...နားနဲ့ အသံကို အကြောင်းပြုပြီး ကြားသိစိတ်ဖြစ်တယ်၊ နား, အသံ, ကြားသိစိတ် သုံးမျိုးပေါင်းဆုံမိခြင်းကြောင့် အာရုံကိုတွေ့ထိခြင်း-ဖဿဖြစ်တယ်၊ ဖဿကြောင့် ခံစားခြင်း-ဝေဒနာဖြစ်တယ်၊ ခံစားပြီးတဲ့အာရုံကို သညာနဲ့မှတ်သားတယ်၊ မှတ်သားပြီးတဲ့အာရုံကို ဝိတက်နဲ့ ကြံစည်

တယ်၊ ကြံစည်ပြီးတဲ့အာရုံအပေါ်မှာ တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲဆိုတဲ့ သံသရာနယ်ချဲ့ ပပဉ္စတရားတွေ ဖြစ်လာတယ်၊ ပပဉ္စတရားတွေ ဖြစ်လာတဲ့အတွက် နားနဲ့ကြားရတဲ့ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် အသံသဒ္ဒါရုံတွေကို အကြောင်းပြုပြီး သံသရာနယ်ချဲ့ ပပဉ္စတရားစု-ကိလေသာတွေဟာ အဲဒီပုဂ္ဂိုလ် အပေါ်မှာ အဆက်မပြတ် လွှမ်းမိုးပြီး ဖြစ်နေတော့တယ်။

ငါ့ရှင်တို့...နှာခေါင်းနဲ့ အနံ့ကို အကြောင်းပြုပြီး နံသိစိတ်ဖြစ်တယ်၊ နှာခေါင်း, အနံ့, နံသိစိတ် သုံးမျိုးပေါင်းဆုံမိခြင်းကြောင့် အာရုံကိုတွေ့ထိခြင်း-ဖဿဖြစ်တယ်၊ ဖဿကြောင့် ခံစားခြင်း-ဝေဒနာ ဖြစ်တယ်၊ ခံစားပြီးတဲ့အာရုံကို သညာနဲ့မှတ်သားတယ်၊ မှတ်သားပြီးတဲ့အာရုံကို ဝိတက်နဲ့ ကြံစည် တယ်၊ ကြံစည်ပြီးတဲ့အာရုံအပေါ်မှာ တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲဆိုတဲ့ သံသရာနယ်ချဲ့ ပပဉ္စတရားတွေ ဖြစ်လာတယ်၊ ပပဉ္စတရားတွေ ဖြစ်လာတဲ့အတွက် နှာခေါင်းနဲ့နံတွေ့ရတဲ့ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် အနံ့ဂန္ဓာရုံတွေကို အကြောင်းပြုပြီး သံသရာနယ်ချဲ့ ပပဉ္စတရားစု-ကိလေသာတွေဟာ အဲဒီပုဂ္ဂိုလ် အပေါ်မှာ အဆက်မပြတ် လွှမ်းမိုးပြီး ဖြစ်နေတော့တယ်။

ငါ့ရှင်တို့...လျှာနဲ့ အရသာကို အကြောင်းပြုပြီး စားသိစိတ်ဖြစ်တယ်၊ လျှာ, အရသာ, စားသိ စိတ် သုံးမျိုးပေါင်းဆုံမိခြင်းကြောင့် အာရုံကိုတွေ့ထိခြင်း-ဖဿဖြစ်တယ်၊ ဖဿကြောင့် ခံစားခြင်း-ဝေဒနာဖြစ်တယ်၊ ခံစားပြီးတဲ့အာရုံကို သညာနဲ့မှတ်သားတယ်၊ မှတ်သားပြီးတဲ့အာရုံကို ဝိတက်နဲ့ ကြံစည်တယ်၊ ကြံစည်ပြီးတဲ့အာရုံအပေါ်မှာ တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲဆိုတဲ့ သံသရာနယ်ချဲ့ ပပဉ္စတရား တွေ ဖြစ်လာတယ်၊ ပပဉ္စတရားတွေ ဖြစ်လာတဲ့အတွက် လျှာနဲ့လျက်သိရတဲ့ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ရသာရုံတွေကို အကြောင်းပြုပြီး သံသရာနယ်ချဲ့ ပပဉ္စတရားစု-ကိလေသာတွေဟာ အဲဒီပုဂ္ဂိုလ် အပေါ်မှာ အဆက်မပြတ် လွှမ်းမိုးပြီး ဖြစ်နေတော့တယ်။

ငါ့ရှင်တို့...ကိုယ်နဲ့ အတွေ့အထိကို အကြောင်းပြုပြီး ထိသိစိတ်ဖြစ်တယ်၊ ကိုယ်, အတွေ့ အထိ, ထိသိစိတ် သုံးမျိုးပေါင်းဆုံမိခြင်းကြောင့် အာရုံကိုတွေ့ထိခြင်း-ဖဿဖြစ်တယ်၊ ဖဿကြောင့် ခံစားခြင်း-ဝေဒနာဖြစ်တယ်၊ ခံစားပြီးတဲ့အာရုံကို သညာနဲ့မှတ်သားတယ်၊ မှတ်သားပြီးတဲ့အာရုံကို ဝိတက်နဲ့ ကြံစည်တယ်၊ ကြံစည်ပြီးတဲ့အာရုံအပေါ်မှာ တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲဆိုတဲ့ သံသရာနယ်ချဲ့ ပပဉ္စတရားတွေ ဖြစ်လာတယ်၊ ပပဉ္စတရားတွေ ဖြစ်လာတဲ့အတွက် ကိုယ်နဲ့တွေ့ထိရတဲ့ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် အတွေ့ဖောဋ္ဌဗ္ဗာရုံတွေကို အကြောင်းပြုပြီး သံသရာနယ်ချဲ့ ပပဉ္စတရားစု-ကိလေသာတွေဟာ အဲဒီပုဂ္ဂိုလ် အပေါ်မှာ အဆက်မပြတ် လွှမ်းမိုးပြီး ဖြစ်နေတော့တယ်။

ငါ့ရှင်တို့...စိတ်နဲ့ သဘာဝမမ္မအာရုံကို အကြောင်းပြုပြီး အထူးသိ-မနောဝိညာဏ်စိတ်ဖြစ်တယ်၊ စိတ်, သဘာဝမမ္မ အာရုံ, အထူးသိ-မနောဝိညာဏ်စိတ် သုံးမျိုးပေါင်းဆုံမိခြင်းကြောင့် အာရုံကို တွေ့ထိခြင်း-ဖဿဖြစ်တယ်၊ ဖဿကြောင့် ခံစားခြင်း-ဝေဒနာဖြစ်တယ်၊ ခံစားပြီးတဲ့အာရုံကို သညာနဲ့ မှတ်သားတယ်၊ မှတ်သားပြီးတဲ့အာရုံကို ဝိတက်နဲ့ ကြံစည်တယ်၊ ကြံစည်ပြီးတဲ့အာရုံအပေါ်မှာ တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲဆိုတဲ့ သံသရာနယ်ချဲ့ ပပဉ္စတရား တွေ ဖြစ်လာတယ်၊ ပပဉ္စတရားတွေ ဖြစ်လာတဲ့အတွက် စိတ်နဲ့အထူးသိရတဲ့ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် သဘာဝမမ္မ အာရုံတွေကို အကြောင်းပြုပြီး သံသရာနယ်ချဲ့ ပပဉ္စတရားစု-ကိလေသာတွေဟာ အဲဒီပုဂ္ဂိုလ် အပေါ်မှာ အဆက်မပြတ် လွှမ်းမိုးပြီး ဖြစ်နေတော့တယ်။

ငါ့ရှင်တို့...စင်စစ်တော့ မျက်စိရယ် အဆင်းရယ် မြင်စိတ်ရယ် သုံးမျိုးဖြစ်ခဲ့ရင် အာရုံကို တွေ့ထိမှု-ဖဿလို့ သတ်မှတ်နိုင်မဲ့ အကြောင်းရှိတယ်၊ ဖဿဖြစ်ရင် ခံစားမှု-ဝေဒနာဖြစ်လာမဲ့ အကြောင်းရှိတယ်၊ ဝေဒနာဖြစ်ရင် မှတ်သားမှု-သညာဖြစ်လာမဲ့ အကြောင်းရှိတယ်၊ သညာဖြစ်ရင် ကြံစည်မှု-ဝိတက်ဖြစ် လာမဲ့အကြောင်းရှိတယ်၊ ဝိတက်ဖြစ်ရင် သံသရာရှည်စေတတ်တဲ့ သံသရာနယ်ချဲ့ တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲ ပပဉ္စသညာတရားစု-ကိလေသာတွေ လွှမ်းမိုးလာနိုင်တဲ့ အကြောင်းရှိတယ်။ ငါ့ရှင်တို့ ... နားရယ်၊ အသံရယ်၊ ကြားသိစိတ်ရယ် သုံးမျိုးဖြစ်ခဲ့ရင် အာရုံကို တွေ့ထိမှု-ဖဿ စသည် ဖြစ်လာနိုင်တဲ့ အကြောင်းရှိတယ်။ နှာခေါင်းရယ်၊ အနံ့ရယ်၊ နံသိစိတ်ရယ် သုံးမျိုးဖြစ်ခဲ့ရင် ----။ လျှာရယ်၊ အရသာရယ်၊ စားသိစိတ်ရယ် သုံးမျိုး ဖြစ်ခဲ့ရင် ----။ ကိုယ်ရယ်၊ အတွေ့ဖောဋ္ဌဗ္ဗာရုံရယ်၊ ထိသိစိတ်ရယ် သုံးမျိုး ဖြစ်ခဲ့ရင်----။ စိတ်ရယ်၊ သဘာဝမမ္မ အာရုံတွေရယ်၊ တွေးကြံသိစိတ်ဆိုတဲ့ မနောဝိညာဏ်ရယ် သုံးမျိုး ဖြစ်ခဲ့ရင် အာရုံကိုတွေ့ထိမှု-ဖဿလို့ သတ်မှတ်နိုင်မဲ့ အကြောင်းရှိတယ်၊ ဖဿဖြစ်ရင် ခံစားမှု-ဝေဒနာဖြစ်လာမဲ့အကြောင်းရှိတယ်၊ ဝေဒနာဖြစ်ရင် မှတ်သားမှု-သညာဖြစ်လာမဲ့ အကြောင်းရှိတယ်၊ သညာဖြစ်ရင် ကြံစည်မှု-ဝိတက်ဖြစ် လာမဲ့အကြောင်းရှိတယ်၊ ဝိတက်ဖြစ်ရင် သံသရာရှည်စေတတ်တဲ့ သံသရာနယ်ချဲ့ တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲ ပပဉ္စသညာတရားစု-ကိလေသာတွေ လွှမ်းမိုးလာနိုင်တဲ့ အကြောင်းရှိတယ်။

ငါ့ရှင်တို့....စင်စစ်တော့ မျက်စိရယ်၊ အဆင်းရယ်၊ မြင်သိစိတ်ရယ် သုံးမျိုး မဖြစ်ခဲ့ရင် အာရုံကို တွေ့ထိမှု ဖဿလို့ သတ်မှတ်နိုင်စရာ အကြောင်းမရှိဘူး၊ ဖဿမဖြစ်ခဲ့ရင် ဝေဒနာလို့ သတ်မှတ်နိုင်စရာအကြောင်းမရှိ၊ ဝေဒနာမဖြစ်ခဲ့ရင် သညာလို့ သတ်မှတ်နိုင်စရာ အကြောင်းမရှိ၊ သညာမဖြစ်ခဲ့ရင် ဝိတက်လို့ သတ်မှတ်နိုင်စရာ အကြောင်းမရှိ၊ ဝိတက်မဖြစ်ခဲ့ရင် သံသရာနယ်ချဲ့ ပပဉ္စသညာတရားစု-ကိလေသာတွေ လွှမ်းမိုးပြီး ဖြစ်လာနိုင်စရာ အကြောင်းမရှိဘူး။ ဒီ့အတူပဲ နားရယ်၊ အသံရယ်၊

ကြားသိစိတ်ရယ် သုံးမျိုးမဖြစ်ခဲ့ရင် ဖဿစသည်ဖြစ်လာစရာ အကြောင်းမရှိ။ နှာခေါင်းရယ်၊ အနံ့ရယ်၊ နံသိစိတ်ရယ် သုံးမျိုး မဖြစ်ခဲ့ရင်----။ လျှာရယ်၊ အရသာရယ်၊ စားသိစိတ်ရယ် သုံးမျိုး မဖြစ်ခဲ့ရင်---။ ကိုယ်ရယ်၊ အတွေ့ဖောဋ္ဌဗ္ဗာရုံရယ် သုံးမျိုး မဖြစ်ခဲ့ရင်----၊ စိတ်ရယ်၊ သဘာဝမမ္မ အာရုံတွေရယ်၊ တွေးကြံသိစိတ်ခေါ်တဲ့ မနောဝိညာဏ်ရယ် သုံးမျိုးမဖြစ်ခဲ့ရင် အာရုံကို တွေ့ထိမှု ဖဿလို့ သတ်မှတ်နိုင်စရာ အကြောင်းမရှိဘူး၊ ဖဿမဖြစ်ခဲ့ရင် ဝေဒနာလို့ သတ်မှတ်နိုင် စရာအကြောင်းမရှိ၊ ဝေဒနာမဖြစ်ခဲ့ရင် သညာလို့ သတ်မှတ်နိုင်စရာ အကြောင်းမရှိ၊ သညာမဖြစ်ခဲ့ရင် ဝိတက်လို့ သတ်မှတ်နိုင်စရာ အကြောင်းမရှိ၊ ဝိတက်မဖြစ်ခဲ့ရင် သံသရာနယ်ချဲ့ ပပဉ္စသညာတရားစု-ကိလေသာတွေ လွှမ်းမိုးပြီး ဖြစ်လာနိုင်စရာ အကြောင်းမရှိဘူး။

ငါ့ရှင်တို့ ....ပုဂ္ဂိုလ်သတ္တဝါတစ်ယောက်ကို တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲလို့ခေါ်တဲ့ သံသရာနယ်ချဲ့ ပပဉ္စသညာတရားစုတွေ လွှမ်းမိုးပြီး ဖြစ်လာတဲ့ အကြောင်းရင်းက အရင်းစစ်တော့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ အတွင်းအာယတန ခြောက်ပါးနဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘာဝမမ္မအာရုံဆိုတဲ့ အပြင်အာယတနခြောက်ပါး၊ နှစ်ခုပေါင်း အာယတန ၁၂ - ပါး ဖြစ်တယ်။ **ပပဉ္စတရားတွေ လွှမ်းမိုးလာနိုင်ကြောင်း အကြောင်းရင်းဖြစ်တဲ့ ဒီ အာယတန ၁၂ - ပါး အပေါ်မှာ ဖြစ်ပျက်မြင်ပြီး စွဲလမ်းမှုတွေ၊တပ်မက်မှုတွေ မရှိတော့ဘူးဆိုရင် ကိလေသာအင့်ဓာတ်တွေ ဖြစ်တဲ့ အနုသယ ခုနစ်ပါး ကုန်ဆုံးတော့တာပဲ။ တုတ်ဆွဲ ဓားဆွဲ ရန်ဖြစ်တာတွေ၊ သဘောထားကွဲလွဲမှုတွေ၊ ငြင်းခုံမှုတွေ၊ ကြမ်းကြမ်းတမ်းတမ်း ဆဲဆို ပြောဆိုတာတွေ၊ ရန်တိုက်ပေးတာတွေ၊ လိမ်ညာပြောဆိုတာတွေလဲ ကုန်ဆုံးတော့တာပါ။** ဒီလို အစွဲအလမ်းတွေ မရှိတော့တဲ့အတွက် အာယတန ၁၂ ပါးနဲ့ပတ်သက်တဲ့ ဖြစ်လာမဲ့ ယုတ်ညံ့တဲ့ အကုသိုလ်တရားမှန်သမျှလဲ ချုပ်ငြိမ်းတော့တာပဲ။

ငါ့ရှင်တို့...ငါဟာ မြတ်စွာဘုရား အကျဉ်းဟောခဲ့တဲ့တရားကို အခုလို အကျယ်သိနားလည်ပါတယ်၊ ဒါပေမဲ့ အရှင်တို့ လိုအပ်ခဲ့သေးရင် မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး ဒီအနက်အဓိပ္ပါယ်တွေကို ပြန်မေးလျှောက်ပါဦး။ မြတ်စွာဘုရားဖြေကြားတဲ့အတိုင်း မှတ်ကြပါ-လို့ အရှင်မဟာကစ္စည်းမထေရ်က ရဟန်းတွေကို မိန့်ခဲ့ပါတယ်။ ရဟန်းတွေလဲ မြတ်စွာဘုရားထံ သွားရောက်ပြီး အရှင်မဟာကစ္စည်း အကျယ်ဝေဖန် ဖြေဆိုဟောကြားခဲ့တဲ့တရားအားလုံးကို လျှောက်ထားပါတယ်။ ဒီအခါ မြတ်စွာဘုရားရှင်က "ရဟန်းတို့....မဟာကစ္စာနဟာ ပညာရှိပါပေတယ်၊ ဉာဏ်ပညာ ကြီးမားပါပေတယ်။ တကယ်လို့ ဒီအနက် အဓိပ္ပါယ်တွေကို သင်တို့က ငါ့ကို မေးခဲ့ရင်လဲ မဟာကစ္စာနဖြေတဲ့အတိုင်း ဖြေမှာပါပဲ၊ ငါ အကျဉ်းဟောကြားချက်ဟာ ခု မဟာကစ္စာနအကျယ်ဖြေတဲ့အတိုင်း ဖြစ်တယ်။ ဒါ့ကြောင့် သူဖြေတဲ့ အတိုင်း မှတ်ကြ" လို့ မိန့်တော်မူခဲ့ပါတယ်။ ဒါကတော့ မဓုပိဏ္ဍိကသုတ်ဖြစ်ပါတယ်။

(၂) မဟာကစ္စာနဘဒ္ဒေကရတ္တသုတ်

နေ့ကောင်းရက်မြတ်ရှိတဲ့ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်လဲ

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် တပေါဒါရုံကျောင်းမှာ သီတင်းသုံးနေတော်မူတဲ့အချိန် အရှင်သမိဒ္ဓိမထေရ်မြတ်ဟာ မနက်စောစော အရှေ့မတက်ခင်အချိန် ရေပူအိုင်ဖြစ်တဲ့တပေါဒါအိုင်မှာ ရေချိုးပြီး ခန္ဓာကိုယ်က ရေခြောက်အောင် နေပူထဲ ခေတ္တခဏ နေလှမ်းနေပါတယ်။ အဲဒီအချိန် နတ်သားတစ်ယောက် ရောက်လာပြီး အရှင်သမိဒ္ဓိမထေရ်မြတ်ကို "အရှင်ဘုရား... ဘဒ္ဒေကရတ္တသုတ်ရဲ့ အကျဉ်းနဲ့ အကျယ်ကို သင်ယူပါဘုရား၊ လေ့လာပါဘုရား၊ ဆောင်ထားပါဘုရား။ ဘဒ္ဒေက-ရတ္တသုတ်က အကျိုးရှိတဲ့သုတ်တော်ဖြစ်ပါတယ်ဘုရား၊ မဂ္ဂဗြဟ္မစရိယအကျင့်ရဲ့ အမွန်အစလဲ ဖြစ်ပါတယ်ဘုရား" လို့ လျှောက်ထားပြီး အဲဒီနေရာမှာတင် ကွယ်ပျောက်သွားပါတယ်။ ဘဒ္ဒေကရတ္တသုတ်ဆိုတာ ကောင်းမြတ်တဲ့နေ့ညဉ့်ရှိတဲ့နေ့ရက် ဖြစ်အောင် နေနည်းကို ညွှန်ပြတဲ့ သုတ်တော်ဖြစ်ပါတယ်။ အရှင်သမိဒ္ဓိမထေရ်လဲ နတ်သားလာလျှောက်တဲ့ ဖြစ်ရပ်ကို မြတ်စွာဘုရားထံ အကျိုးအကြောင်း သွားရောက်လျှောက်ထားပြီး ဒီ ဘဒ္ဒေကရတ္တသုတ်ရဲ့ အကျဉ်းနဲ့ အကျယ်ကို ဟောပေးဖို့ တောင်းပန်လျှောက်ထားခဲ့ပါတယ်။ အဲဒီအချိန်မှာ အခြားရဟန်းတော်တွေလဲ တရားနာဖို့ အဆင်သင့်ရှိနေကြတယ်။ ဒီအခါ မြတ်စွာဘုရားက ဂါထာလေးပုဒ်နဲ့ အကျဉ်းဟောကြား တော်မူပါတယ်။

*"**အတိတ်ခန္ဓာနောက်ကိုလဲ တဏှာဒိဋ္ဌိနဲ့ မလိုက်နဲ့။ အနာဂတ်ခန္ဓာကိုလဲ တဏှာဒိဋ္ဌိနဲ့ မမျှော်လင့် မတောင့်တနဲ့။** ဘာ့ကြောင့်လဲဆိုရင် အတိတ်ခန္ဓာတွေဆိုတာ ချုပ်ပျောက်ကုန်ဆုံးသွားပြီး ဖြစ်တဲ့အတွက်ကြောင့်၊ အနာဂတ်ခန္ဓာတွေဆိုတာလဲ မရောက်လာသေး မဖြစ်ပေါ်သေးတဲ့အတွက်ကြောင့်ပဲ ဖြစ်တယ်။"*

*"ပညာရှိတဲ့ရဟန်းဟာ **ပစ္စုပ္ပန်ဖြစ်ဆဲ တရားကိုပဲ ထင်ရှားဖြစ်ပေါ်လာတိုင်း ထင်ရှားဖြစ်ပေါ်လာတိုင်း ဝိပဿနာ ရှုမှတ်တယ်။** အဲဒီလို ရှုမှတ်နေတဲ့ ပညာရှိရဟန်းဟာ တဏှာဒိဋ္ဌိနဲ့လဲ မဆွဲငင်ထားတဲ့, တဏှာဒိဋ္ဌိတွေကြောင့် ပျက်စီးခြင်းလဲ မရှိတဲ့ ဒီ ဝိပဿနာဉာဏ်ကိုပဲ အဖန်ဖန် ပွားများ အားထုတ်ရမယ်။"*

"ယနေ့ပဲ လုပ်စရာအလုပ်နဲ့ပတ်သက်တဲ့ ကြိုးစားမှုလုံ့လကို ပြုလုပ်အားထုတ်ရတယ်။ အဘယ်မည်တဲ့ပုဂ္ဂိုလ်မှ မနက်ဖန် သေမယ်ရှင်မယ် သိနိုင်ပဲ့မလဲ။ မှန်တယ်, သတ္တဝါတွေမှာ စစ်သည်များစွာရှိတဲ့ ရှင်သေမင်းနဲ့အတူ ဘယ်နေ့ဘယ်ခါမှ သေပါရစေလို့ အချိန်းအချက် လုပ်ထားတာမျိုး မရှိ။"

"ခုလို အတိတ်ခန္ဓာအပေါ်လဲ မစွဲလမ်း၊ အနာဂတ်ခန္ဓာအပေါ်လဲ မမျှော်မှန်းဘဲ ပစ္စုပ္ပန်ဖြစ်ဆဲခန္ဓာမှာ ဝိပဿနာ ရှုပြီး ကြိုးစားအားထုတ်နေကာ တစ်နေ့တစ်ညဉ့်ပတ်လုံး မပျင်းမရိတဲ့ ဒီရဟန်းကို "ဘဒ္ဒေကရတ္တ - ကောင်းမြတ်သော နေ့ညဉ့်ရှိသော ပုဂ္ဂိုလ်" လို့ အေးငြိမ်းပြီးတဲ့ မြတ်စွာဘုရားက ဟောကြားတော်မူတယ်။"

(ဥပရိပဏ္ဏာသပါဠိတော်၊ ၂၃၃။)

မြတ်စွာဘုရားဟာ ဒီဂါထာလေးပုဒ်နဲ့ အကျဉ်းချုပ် ဟောကြားပြီး နေရာမှ ထတော်မူကာ ကျောင်းတော်ထဲ ဝင်ကြွသွားတော်မူခဲ့ပါတယ်။ ဒီအခါ ရဟန်းတော်များက မြတ်စွာဘုရား အကျဉ်း ဟောကြားခဲ့တဲ့ ဒီတရားတော်ကို အဘယ်ပုဂ္ဂိုလ်များ အကျယ်ချဲ့ဟောနိုင်ပါ့မလဲလို့ စဉ်းစားတိုင်ပင်ကြ ရင်း "အရှင်မဟာကစ္စည်းမထေရ်ဟာ ဒီလို အကျဉ်းတရားတွေကို အကျယ်ချဲ့ဟောနိုင်စွမ်းရှိတဲ့ အရှင်မြတ်ဖြစ်တယ်၊ သူ့ထံသွားပြီး မေးလျှောက်ကြစို့"လို့ ဆုံးဖြတ်ချက်ချကာ အရှင်မဟာကစ္စည်းထံ သွားရောက်ခဲ့ကြပြီး ဘဒ္ဒေကရတ္တသုတ် အကျဉ်းဂါထာတွေကို အကျယ်ဟောပေးဖို့ တောင်းပန် လျှောက်ထားကြတယ်။ ဒီအခါ အရှင်မြတ်က ခုလို အကျယ်ဟောခဲ့ပါတယ်။

*(၁) ငါ့ရှင်တို့...**ဘယ်ပုံဘယ်နည်း နလုံးသွင်းရင် အတိတ်ခန္ဓာနောက် တဏှာဒိဋ္ဌိတွေနဲ့ အစဉ်လိုက်ရာ ရောက်သလဲဆိုရင်** ---အတိတ်ကာလတုန်းက ငါ့မှာ ဒီလို မျက်လုံးနဲ့၊ ဒီလို အဆင်းမျိုး ဖြစ်ဖူးတယ်-လို့ နလုံးသွင်းရင် လိုချင်တပ်မက်တဲ့တဏှာနဲ့ယှဉ်တဲ့ လောဘမူစိတ်ဖြစ်တယ်၊ စိတ်မှာ တဏှာလောဘကပ်ငြိတော့ ဒီမျက်စိနဲ့ အဆင်းရှုပါရုံကို အလွန်စွဲလမ်းနှစ်သက်တယ်။ အဲဒီလို အတိတ်က ဖြစ်ခဲ့ဖူးတဲ့ မျက်စိနဲ့အဆင်းရှုပါရုံကို အလွန်နှစ်သက်ရင် အတိတ်ခန္ဓာအပေါ် တဏှာဒိဋ္ဌိနဲ့ စွဲလမ်းခြင်းဖြစ်တယ်။*

ငါ့ရှင်တို့ .... ဒီ့အတူပဲ အတိတ်က မိမိမှာ ဖြစ်ခဲ့ဖူးတဲ့ နားနဲ့ အသံသဒ္ဒါရုံ၊ နှာခေါင်းနဲ့ အနံ့ဂန္ဓာရုံ၊ လျှာ နဲ့ အရသာ-ရသာရုံ၊ ကိုယ်နဲ့ အတွေ့ဖောဋ္ဌဗ္ဗာရုံ၊ စိတ်နဲ့ အတွေးအကြံခေမ္မ အာရုံတွေအပေါ် ငါ့မှာ 'အတိတ်ကာလတုန်းက ဒီလို နားတွေ၊ အသံတွေ ဖြစ်ခဲ့ဘူးတယ်' လို့ စသဖြင့် သာယာတပ်မက်တဲ့ လောဘစိတ်ဖြစ်တယ်၊ လောဘမူစိတ်နဲ့ သာယာတပ်မက်တော့ အဲဒီ အတိတ်က ဖြစ်ခဲ့တဲ့ နားတွေ၊ အသံတွေစတဲ့ တရားတွေအပေါ် အလွန်စွဲလမ်း နှစ်သက် သဘောကျ သွားတယ်။ အဲဒီလို အတိတ်က မိမိမှာ ဖြစ်ခဲ့တယ် တရားတွေအပေါ် စွဲလမ်းမှုတွေ၊ တပ်မက်မှုတွေ ဖြစ်နေရင် အဲဒါ အတိတ်ခန္ဓာတွေအပေါ်မှာ တဏှာဒိဋ္ဌိနဲ့ စွဲလမ်းတမ်းတနေခြင်းပဲ ဖြစ်တယ်။

*(၂) **ငါ့ရှင်တို့....ဘယ်ပုံဘယ်နည်း နလုံးသွင်းရင် အတိတ်ခန္ဓာတွေအပေါ် တဏှာဒိဋ္ဌိနဲ့ လိုက်ရာမရောက်သလဲ ဆိုရင်**---အတိတ်ကာလတုန်းက ငါ့မှာ ဒီလို မျက်စိ၊ ဒီလို အဆင်းတွေ ဖြစ်ခဲ့ဖူးတယ်လို့ နလုံးမသွင်းရင် လိုချင်တပ်မက်တဲ့ တဏှာနဲ့ယှဉ်တဲ့ လောဘမူစိတ်မဖြစ်၊ အဲဒီလို လောဘမူစိတ်မဖြစ်ရင် အတိတ် မျက်စိနဲ့ အဆင်းရှုပါရုံတွေအပေါ် မလိုချင် မတပ်မက်တော့၊ အဲဒီလို မလိုချင် မတပ်မက်ရင် အတိတ်ခန္ဓာအပေါ် တဏှာဒိဋ္ဌိနဲ့ လိုက်ရာ မရောက်တော့၊ စွဲလမ်းရာ မရောက်တော့။*

ငါ့ရှင်တို့ .... ဒီ့အတူပဲ အတိတ်က ငါ့မှာ ဒီလို နားတွေ၊ အသံသဒ္ဒါရုံတွေ။ နှာခေါင်းတွေ အနံ့ ဂန္ဓာရုံတွေ။ လျှာတွေ ရသာရုံတွေ။ ကိုယ်တွေ၊ အတွေ့ဖောဋ္ဌဗ္ဗာရုံတွေ။ စိတ်တွေ အတွေးအာရုံတွေ ဖြစ်ခဲ့ဖူးတယ်လို့ နလုံးမသွင်းရင် အတိတ်က နား၊ အသံစတဲ့ တရားတွေအပေါ် စွဲလမ်းတပ်မက်တဲ့ တဏှာယှဉ်တဲ့ လောဘမူစိတ်တွေ မဖြစ်၊ လောဘမူစိတ်တွေ မဖြစ်ရင် အတိတ်က နားတွေ ၊ အသံတွေ စတဲ့တရားတွေအပေါ် မလိုချင် မတပ်မက်တော့။ အဲဒီလို မလိုချင် မတပ်မက်တော့ရင် အတိတ်ခန္ဓာတွေအပေါ် တဏှာဒိဋ္ဌိနဲ့ လိုက်ရာ မရောက်တော့။

*(၃) **ငါ့ရှင်တို့...ဘယ်ပုံဘယ်နည်း နလုံးသွင်းရင် အနာဂတ်ခန္ဓာတွေအပေါ် တဏှာဒိဋ္ဌိနဲ့ မျှော်လင့် တောင့်တရာ ရောက်သလဲ**ဆိုရင်...."နောင်အနာဂတ်မှာ ငါ့ရဲ့ မျက်စိက ဒီလိုလေး ဖြစ်မှာပဲ၊ ငါ့ရဲ့ အဆင်းရှုပါရုံက ဒီလိုလေး ဖြစ်မှာပဲ" လို့*

မရသေးတဲ့ မျက်စိနဲ့ အဆင်းရှုပါရုံကို ရဖို့ရန်အတွက် စိတ်ကို ဆောက်တည်ထားမယ်ဆိုရင် စိတ်တောင့်တမှုကြောင့်ပဲ အဲဒီ မျက်စိနဲ့ ရှုပါရုံအပေါ်မှာ အလွန်စွဲလမ်းတပ်မက်မှု နစ်သက်သာယာမှုဖြစ်ပေါ်လာတယ်၊ အဲဒီလို စွဲလမ်းတပ်မက်မှု နစ်သက်သာယာမှုဖြစ်နေရင် အနာဂတ်ခန္ဓာအပေါ် တဏှာဒိဋ္ဌိနဲ့ မျှော်လင့်တောင့်တရာ ရောက်တယ်။

ငါ့ရှင်တို့....ဒီအတူပဲ "နောင်အနာဂတ်မှာ ငါ့ရဲ့ နားနဲ့ အသံသဒ္ဒါရုံတွေ၊ နှာခေါင်းနဲ့ အနံ့ဂန္ဓာရုံတွေ။ လျှာနဲ့ ရသာရုံတွေ။ ကိုယ်နဲ့ အတွေ့ဖောဋ္ဌဗ္ဗာရုံတွေ။ စိတ် နဲ့ အတွေးဓမ္မ အာရုံတွေ ဒီလိုလေး ဖြစ်မှာပဲ၊ ဒီလိုလေး ဖြစ်မှာပဲ" လို့ မရသေးတဲ့ နား၊ အသံစတဲ့တရားတွေအပေါ် ရဖို့ရန်အတွက် စိတ်ကို ဆောက်တည်ထားမယ်ဆိုရင် ဒီစိတ်တောင့်တမှု ကြောင့်ပဲ အဲဒီတရားတွေအပေါ် အလွန်အမင်း စွဲလမ်းခြင်း၊ တပ်မက်ခြင်း၊ နစ်သက်သာယာခြင်းတွေ ဖြစ်လာတော့တာ။ အဲဒီလို ဖြစ်နေရင် ဒါ အနာဂတ်ခန္ဓာတွေအပေါ် တဏှာဒိဋ္ဌိနဲ့ မျှော်လင့်တောင့်တရာ ရောက်တယ်။

*(၄) **ငါ့ရှင်တို့...ဘယ်ပုံဘယ်နည်း နှလုံးသွင်းရင် အနာဂတ်ခန္ဓာတွေအပေါ် တဏှာဒိဋ္ဌိနဲ့ မျှော်လင့် မတောင့်တရာ ရောက်သလဲ**ဆိုရင်---...."နောင်အနာဂတ်မှာ ငါ့ရဲ့ မျက်စိက ဒီလိုလေး ဖြစ်မှာပဲ၊ ငါ့ရဲ့ အဆင်းရှုပါရုံက ဒီလိုလေး ဖြစ်မှာပဲ" လို့ မရသေးတဲ့ မျက်စိနဲ့ အဆင်းရှုပါရုံကို ရဖို့ရန်အတွက် စိတ်ကို မဆောက်တည်ထားရင် စိတ်တောင့်တမှု မရှိတဲ့အတွက် ကြောင့်ပဲ အဲဒီ မျက်စိနဲ့ ရှုပါရုံအပေါ်မှာ အလွန်စွဲလမ်းတပ်မက်မှု နစ်သက်သာယာမှုတွေ မဖြစ်တော့ဘူး၊ အဲဒီလို စွဲလမ်းတပ်မက်မှု နစ်သက် သာယာမှုတွေ မဖြစ်တော့ရင် အနာဂတ်ခန္ဓာအပေါ် တဏှာဒိဋ္ဌိနဲ့ မျှော်လင့်တောင့်တရာ မရောက်တော့ဘူး။*

*(၅) **ငါ့ရှင်တို့....ဘယ်ပုံဘယ်နည်း နှလုံးသွင်းရင် ဖြစ်ဆဲပစ္စုပ္ပန် ခန္ဓာတွေအပေါ်မှာ တဏှာဒိဋ္ဌိတွေနဲ့ ဆွဲငင် ကပ်ငြိ သလဲ**ဆိုရင်---ယခုဖြစ်ဆဲ ဖြစ်နေတဲ့ မျက်စိနဲ့ အဆင်းရှုပါရုံတွေအပေါ် (ဖြစ်ပျက်မထင် ဝိပဿနာမရှုပွားတဲ့အတွက်) ဆန္ဒ ရာဂတွေနဲ့ ငြိကပ်တဲ့ လောဘမူစိတ်ဖြစ်မယ်ဆိုရင် အဲဒီ ဖြစ်ဆဲမျက်စိနဲ့ အဆင်းရှုပါရုံတွေအပေါ် သာယာမှုတွေ၊ စွဲလမ်း မှုတွေ၊ အလွန်အမင်းနစ်သက်မှုတွေ ဖြစ်တော့တာ။ အဲဒီလို သာယာစွဲလမ်း နစ်သက်နေရင် ဖြစ်ဆဲပစ္စုပ္ပန်ခန္ဓာတွေ အပေါ် တဏှာဒိဋ္ဌိနဲ့ ဆွဲငင်ငြိကပ်တော့တာ ဖြစ်တယ်။*

ငါ့ရှင်တို့ ... ဒီအတူပဲ ဖြစ်ဆဲ နားနဲ့ အသံသဒ္ဒါရုံတွေ၊ နှာခေါင်းနဲ့ အနံ့ဂန္ဓာရုံတွေ၊ လျှာနဲ့ ရသာရုံတွေ၊ ကိုယ်နဲ့ အတွေ့ ဖောဋ္ဌဗ္ဗာရုံတွေ၊ ဖြစ်ဆဲ စိတ်နဲ့ အတွေးဓမ္မ အာရုံတွေအပေါ်မှာ (ဖြစ်ပျက်မထင် ဝိပဿနာမရှုပွားတဲ့အတွက်) ဆန္ဒ ရာဂတွေနဲ့ ငြိကပ်တဲ့ လောဘမူစိတ်ဖြစ်မယ်ဆိုရင် အဲဒီဖြစ်ဆဲ့ နား၊ အသံစတဲ့ ပစ္စုပ္ပန်တရားတွေအပေါ် သာယာမှုတွေ၊ စွဲလမ်း မှုတွေ၊ အလွန်အမင်းနစ်သက်မှုတွေ ဖြစ်တော့တာ။ အဲဒီလို သာယာစွဲလမ်း နစ်သက်နေရင် ဖြစ်ဆဲပစ္စုပ္ပန်ခန္ဓာတွေ အပေါ် တဏှာဒိဋ္ဌိနဲ့ ဆွဲငင်ငြိကပ်တော့တာ ဖြစ်တယ်။

*(၆) **ငါ့ရှင်တို့....ဘယ်ပုံဘယ်နည်း နှလုံးသွင်းရင် ဖြစ်ဆဲပစ္စုပ္ပန်ခန္ဓာတွေအပေါ် တဏှာဒိဋ္ဌိတွေနဲ့ ဆွဲငင် ကပ်ငြိမှု မဖြစ်သလဲ**ဆိုရင်....ဖြစ်ဆဲဖြစ်နေတဲ့ မျက်စိနဲ့ အဆင်းရှုပါရုံတွေအပေါ် (ဖြစ်ပျက်မြင်အောင်ကြည့်ပြီး ဝိပဿနာရှုပွားနေမယ်*

ဆိုရင်) ဆန္ဒရာဂနဲ့ ငြိကပ်တဲ့ လောဘမူစိတ် မဖြစ်တော့၊ အဲဒီလို စိတ်မှာ ဆန္ဒရာဂတွေ မကပ်ငြိရင် ဒီ ဖြစ်ဆဲ မျက်စိနဲ့ အဆင်းရှုပါရုံတွေအပေါ် သာယာမှုတွေ၊ စွဲလမ်းမှုတွေ၊ အလွန်အမင်း နှစ်သက်မှုတွေ မဖြစ်တော့။ ဒီလို ဖြစ်ဆဲ မျက်စိနဲ့ အဆင်းရှုပါရုံတွေအပေါ် သာယာ၊ နှစ်သက်၊ စွဲလမ်းမှုတွေ မဖြစ်တော့ရင် ဖြစ်ဆဲ ပစ္စုပ္ပန်ခန္ဓာတွေအပေါ်မှာ တဏှာဒိဋ္ဌိနဲ့ ကပ်ငြိမှုတွေ မဖြစ်တော့ဘူး။

ငှါရှင်တို့....ဒီအတူပဲ ဖြစ်ဆဲ နားနဲ့ အသံသဒ္ဒါရုံတွေ၊ နာခေါင်းနဲ့ အနံ့ဂန္ဓာရုံတွေ၊ လျှာနဲ့ ရသာရုံတွေ၊ ကိုယ်နဲ့ အတွေ့ ဖောဋ္ဌဗ္ဗာရုံတွေ၊ ဖြစ်ဆဲ စိတ်နဲ့ အတွေးဓမ္မ အာရုံတွေအပေါ်မှာ (ဖြစ်ပျက်မြင်အောင်ကြည့်ပြီး ဝိပဿနာရှုပွားနေမယ်ဆိုရင်) ဆန္ဒ ရာဂတွေနဲ့ ငြိကပ်တဲ့ လောဘမူစိတ် မဖြစ်တော့။ အဲဒီလို စိတ်မှာ ဆန္ဒရာဂတွေ မကပ်ငြိရင် ဒီ ဖြစ်ဆဲ နား၊ အသံစတဲ့ တရားတွေအပေါ် သာယာမှုတွေ၊ စွဲလမ်းမှုတွေ၊ အလွန်အမင်း နှစ်သက်မှုတွေ မဖြစ်တော့။ ဒီလို သာယာ၊ နှစ်သက်၊ စွဲလမ်းမှုတွေ မဖြစ်တော့ရင် ဖြစ်ဆဲ ပစ္စုပ္ပန်ခန္ဓာတွေအပေါ်မှာ တဏှာဒိဋ္ဌိနဲ့ ကပ်ငြိမှုတွေ မဖြစ်တော့ဘူး။

ငှါရှင်တို့ .... မြတ်စွာဘုရားအကျဉ်းဟောခဲ့တဲ့ အကျဉ်းလေးဂါထာရဲ့ အနက်အဓိပ္ပါယ်အကျယ်ကို ငါတော့ ယခုလို အကျယ်နားလည်ပါတယ်။ ဒါပေမဲ့ ငှါရှင်တို့အနေနဲ့ လိုအပ်သေးရင် မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးတော့လဲ ထပ်ပြီးတော့ မေးလျှောက်ကြပါ၊ မြတ်စွာဘုရားဟောတဲ့အတိုင်း မှတ်သားကြပါ။

ယခုလို အရှင်မဟာကစ္စည်းက အကျယ်တဝင့် ဟောကြားပြီးတဲ့နောက် အဲဒီရဟန်းတော်တွေလဲ မြတ်စွာဘုရားထံ သွားရောက်ပြီး အရှင်မဟာကစ္စည်းမထေရ် အကျယ်ဟောတာကို အစအဆုံး ပြန်လည်လျှောက်ထားကြတယ်။ ဒီအခါ မြတ်စွာဘုရားရှင်က "ရဟန်းတို့....မဟာကစ္စည်းဟာ ပညာရှိပါပေတယ်၊ ကြီးကျယ်တဲ့ အသိဉာဏ်ရှိပါပေတယ်။ သင်တို့ ငှါကို အကျယ်ဟောဖို့ ထပ်မံ လျှောက်ထားရင်လဲ ငါလဲပဲ ဒီအတိုင်းပဲ ဖြေဆိုဟောကြားမှာဖြစ်တယ်။ မဟာကစ္စည်းဟောတဲ့အတိုင်း မှတ်ထားကြ" လို့ ချီးကျူးစကား မိန့်ကြားတော်မူခဲ့ပါတယ်။ ဒါက ဥပရိပဏ္ဏာသပါဠိတော်မှာ မှတ်တမ်းတင်ထားတဲ့ မဟာကစ္စာနဘဒ္ဒေကရတ္တသုတ် ဖြစ်ပါတယ်။

(၃) ဓမ္မ နဲ့ အဓမ္မ၊ အတ္ထ နဲ့ အနတ္ထ ခွဲခြားဝေဖန် ဟောကြားတော်မူခြင်း

တစ်နေ့မှာတော့ မြတ်စွာဘုရားရှင်ဟာ ရဟန်းတွေကို " ရဟန်းတို့...အဓမ္မကိုလဲ သိရမယ်၊ ဓမ္မကိုလဲ သိရမယ်၊ အနတ္ထ-အကျိုးမဲ့တွေကို သယ်ဆောင်လာတတ်တဲ့တရားကိုလဲ သိရမယ်၊ အတ္ထ-အကျိုးစီးပွား တွေကို သယ်ဆောင်လာတတ်တဲ့တရားကိုလဲ သိရမယ်။ အဓမ္မနဲ့ ဓမ္မ၊ အနတ္ထ နဲ့ အတ္ထကို သေချာစွာ ခွဲခြားနားလည်သိရှိပြီး ဓမ္မအတိုင်း ကျင့်ရမယ်၊ အတ္ထ-ကျိုးရှိတရားကို ကျင့်ရမယ်" လို့ တရား အကျဉ်းချုပ် ဟောတော်မူပြီး နေရာမှထကာ ကျောင်းတော်ထဲ ကြွသွားတော်မူခဲ့တယ်။

ဒီအခါမှာလဲ ရဟန်းတော်တွေဟာ တရားတော်ရဲ့ အကျယ်အနက်အဓိပ္ပါယ်ကို မသိနားမလည်ကြတဲ့အတွက် အရှင်မဟာကစ္စည်းမထေရ်ထံ ချဉ်းကပ်ပြီး အကျယ်ချဲ့ဟောပေးဖို့ တောင်းပန်လျှောက်ထားကြတယ်။ အရှင်မဟာကစ္စည်းမထေရ်က ခုလို အကျယ်ချဲ့ ဟောကြားတော်မူခဲ့ပါတယ်။

*" ဝ့ါရှင်တို့....ပါဏာတိပါတ-သတ္တဝါရဲ့အသက်ကို သတ်ခြင်းဟာ **အဝမ္မ** ဖြစ်တယ်၊ ပါဏာတိပါတာ ဝေရမဏီ - သတ္တဝါရဲ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းဟာ **ဝမ္မ** ဖြစ်တယ်။ သတ္တဝါကို သတ်တဲ့ ပါဏာတိပါတကြောင့် ဖြစ်ပွားတဲ့ အကုသိုလ်တရားတွေဟာ အကျိုးမဲ့တွေကို သယ်ဆောင်လာတတ်တဲ့အတွက် **အနတ္ထ - ကျိုးမဲ့တရား** ဖြစ်တယ်၊ သတ္တဝါရဲ့ အသက်ကို သတ်တာမှ ရှောင်ကြဉ်ခြင်းကြောင့် ဖြစ်ပွားတဲ့ ကုသိုလ်တရားတွေက ကောင်းကျိုးတွေကို သယ်ဆောင်လာတတ်တဲ့အတွက် **အတ္ထ - ကျိုးရှိ** တရားဖြစ်တယ်။*

*ဝ့ါရှင်တို့....အဒိန္နာဒါန-သူတစ်ပါးမပေးတဲ့ပစ္စည်းဥစ္စာတွေကို ခိုးယူခြင်းဟာ **အဝမ္မ** ဖြစ်တယ်။ အဒိန္နာဒါနာ ဝေရမဏီ - ခိုးတာမှာ ရှောင်ကြဉ်တာဟာ **ဝမ္မ** ဖြစ်တယ်။ အဒိန္နာဒါန-ခိုးမှုကြောင့် ဖြစ်ပွားတဲ့ အကုသိုလ်တရားတွေက ကိုယ်မလိုချင်တဲ့ အကျိုးမဲ့တွေကို သယ်ဆောင်လာတတ်တဲ့အတွက် **အနတ္ထ-ကျိုးမဲ့တရား** ဖြစ်တယ်၊ အဒိန္နာဒါန-ခိုးမှုမှ ရှောင်ကြဉ်တဲ့ အတွက် ဖြစ်ပွားတဲ့ ကုသိုလ်တရားတွေက ကောင်းကျိုးတွေကို သယ်ဆောင်လာတတ်တဲ့အတွက် **အတ္ထ-ကျိုးရှိတရား** ဖြစ်တယ်။*

*ဝ့ါရှင်တို့....ကာမေသု မိစ္ဆာစာရ - ကာမဂုဏ်တွေနဲ့ပတ်သက်ပြီး မှားယွင်းစွာ ပြုကျင့်ခြင်းဟာ **အဝမ္မ** ဖြစ်တယ်၊ ကာမေသု မိစ္ဆာစာရာ ဝေရမဏီ - ကာမဂုဏ်တွေနဲ့ပတ်သက်ပြီး မှားယွင်းစွာပြုကျင့်ခြင်းမှ ရှောင်ကြဉ်တာဟာ **ဝမ္မ** ဖြစ်တယ်။ ကာမေသု မိစ္ဆာစာရအမှု ပြုတဲ့အတွက် ဖြစ်ပွားလာတဲ့ အကုသိုလ်တရားတွေက အကျိုးမဲ့ကို သယ်ဆောင်လာတတ်တဲ့အတွက် **အနတ္ထ - ကျိုးမဲ့တရား** ဖြစ်တယ်။ ကာမေသု မိစ္ဆာစာရအမှုမှ ရှောင်ကြဉ်တဲ့အတွက် ဖြစ်ပွားလာတဲ့ ကုသိုလ်တရားတွေက ကောင်းကျိုးတွေကို သယ်ဆောင်လာတတ်လို့ **အတ္ထ - ကျိုးရှိတရား** ဖြစ်တယ်။*

*ဝ့ါရှင်တို့....မုသာဝါဒ-လိမ်ညာပြောဆိုခြင်းဟာ **အဝမ္မ** ဖြစ်တယ်၊ မုသာဝါဒါ ဝေရမဏီ - လိမ်ညာပြောတာမှ ရှောင်ကြဉ်တာဟာ **ဝမ္မ** ဖြစ်တယ်။ မုသာဝါဒ-လိမ်ညာပြောတဲ့အတွက် ဖြစ်ပွားလာတဲ့ အကုသိုလ်တရားတွေက အကျိုးမဲ့ကို သယ်ဆောင်လာတတ်တဲ့အတွက် **အနတ္ထ - ကျိုးမဲ့တရား** တွေ ဖြစ်တယ်၊ မုသာဝါဒ-လိမ်ညာပြောတာမှ ရှောင်ကြဉ်တဲ့ အတွက် ဖြစ်ပွားလာတဲ့ ကုသိုလ်တရားတွေက ကိုယ်လိုချင်တဲ့ကောင်းကျိုးတွေကို သယ်ဆောင်လာတတ်လို့ **အတ္ထ - ကျိုးရှိတရား** ဖြစ်တယ်။*

*ဝ့ါရှင်တို့.....ပိသုဏာဝါစာ - ဂုံးချောတာ၊ ရန်တိုက်ပေးတာဟာ **အဝမ္မ** ဖြစ်တယ်၊ ပိသုဏာဝါစာ ဝေရမဏီ - ဂုံးချောတာ ရန်တိုက်ပေးတာမှ ရှောင်ကြဉ်တာဟာ **ဝမ္မ** ဖြစ်တယ်။ ပိသုဏာဝါစာ - ဂုံးချော ရန်တိုက်လို့ ဖြစ်တဲ့ အကုသိုလ်တွေက အကျိုးမဲ့တွေကို သယ်ဆောင်လာတတ်တဲ့အတွက် **အနတ္ထ - ကျိုးမဲ့တရား** ဖြစ်တယ်၊ ဂုံးချော ရန်တိုက်တာမှ ရှောင်ကြဉ်တဲ့အတွက် ဖြစ်ပွားလာတဲ့ ကုသိုလ်တရားတွေက ကောင်းကျိုးတွေကို သယ်ဆောင်လာတတ်လို့ **အတ္ထ - ကျိုးရှိတရား** ဖြစ်တယ်။*

*ဝ့ါရှင်တို့....ဖရုသဝါစာ - ဆဲရေးတိုင်းထွာ နားမခံသာ ကြမ်းတမ်းတဲ့စကားတွေ ပြောဆိုခြင်းဟာ **အဝမ္မ** ဖြစ်တယ်၊ ဖရုသဝါစာ ဝေရမဏီ - ဆဲရေးတိုင်းထွာ နားမခံသာ ကြမ်းတမ်းတဲ့ စကားတွေ ပြောဆိုခြင်းမှ ရှောင်ကြဉ်တာဟာ **ဝမ္မ***

*ဖြစ်တယ်။ ဖရှသဝါစာ - ကြမ်းတမ်းတဲ့စကားတွေ ပြောတဲ့အတွက်ကြောင့် ဖြစ်ပွားလာတဲ့ အကုသိုလ်တရားတွေဟာ ကိုယ်မလိုချင်တဲ့ ဆိုးကျိုးတွေကို သယ်လာတတ်လို့ **အနတ္ထ - ကျိုးမဲ့တရား**တွေ ဖြစ်တယ်။ ကြမ်းတမ်းတဲ့စကားပြောခြင်းမှ ရှောင်ကြဉ်တဲ့အတွက် တိုးပွားလာတဲ့ကုသိုလ်တရားတွေက ကောင်းကျိုးတွေကို သယ်ဆောင်လာတတ်လို့ **အတ္ထ - ကျိုးရှိတရား** ဖြစ်တယ်။*

*ဝဏ္ဏ - အကျိုးမရှိစကားတွေ ပြောဆိုနေခြင်းဟာ **အဓမ္မ** ဖြစ်တယ်၊ သမ္မပ္ပလာပ - အကျိုးမရှိစကားတွေ ပြောဆိုခြင်းမှ ရှောင်ကြဉ်တာဟာ **ဓမ္မ** ဖြစ်တယ်။ သမ္မပ္ပလာပ - အကျိုးမရှိစကား ပြောဆိုခြင်းကြောင့် ဖြစ်ပွားလာတဲ့အကုသိုလ်တရားတွေက အကျိုးမဲ့တွေကို သယ်ဆောင်လာတတ်လို့ **အနတ္ထ - ကျိုးမဲ့တရား** ဖြစ်တယ်၊ အကျိုးမရှိစကားတွေ ပြောဆိုခြင်းမှ ရှောင်ကြဉ်တဲ့အတွက် ဖြစ်ပွားလာတဲ့ကုသိုလ်တရားတွေက ကောင်းကျိုးတွေကို သယ်ဆောင်လာတတ်လို့ **အတ္ထ - ကျိုးရှိတရား** ဖြစ်တယ်။*

*ဝိုရှင်တို့....အဘိဇ္ဈာ - စိတ်နဲ့ သူများပစ္စည်းတွေကို ကိုယ့်ပစ္စည်းဖြစ်အောင် ဘယ်လိုလုပ်ရမလဲလို့ မတရားကြံစည်နေခြင်းဟာ **အဓမ္မ** ဖြစ်တယ်၊ အနဘိဇ္ဈာ - သူများပစ္စည်း မတရားအချောင်ရဖို့ မကြံစည်တာဟာ **ဓမ္မ** ဖြစ်တယ်။ အဘိဇ္ဈာကြောင့် တိုးပွားလာတဲ့ အကုသိုလ်တရားတွေက ဆိုးကျိုးတွေကို သယ်လာတတ်လို့ **အနတ္ထ - ကျိုးမဲ့တရား** ဖြစ်တယ်၊ အနဘိဇ္ဈာ - သူများပစ္စည်း အချောင်ရဖို့ မကြံစည်တဲ့အတွက် တိုးပွားလာတဲ့ ကုသိုလ်တရားတွေဟာ ကောင်းကျိုးကို သယ်လာတတ်လို့ **အတ္ထ - ကျိုးရှိတရား** ဖြစ်တယ်။*

*ဝိုရှင်တို့....ဗျာပါဒ - စိတ်နဲ့ သူတစ်ပါး သေကြေအောင်၊ ပျက်စီးအောင် ကြံစည်နေတာဟာ **အဓမ္မ** ဖြစ်တယ်၊ အဗျာပါဒ - သူတစ်ပါး ပျက်စီးရာ ပျက်စီးကြောင်း မကြံစည်ဘဲ မေတ္တာစသည်ထားတာဟာ **ဓမ္မ** ဖြစ်တယ်။ ဗျာပါဒကြောင့် ဖြစ်ပွားလာတဲ့ အကုသိုလ်တရားတွေက အကျိုးမဲ့တွေကို သယ်လာတတ်လို့ **အနတ္ထ - ကျိုးမဲ့တရား**တွေ ဖြစ်တယ်၊ အဗျာပါဒ-လို့ခေါ်တဲ့ မေတ္တာစသည်ကြောင့် တိုးပွားလာတဲ့ ကုသိုလ်တရားတွေဟာ ကောင်းကျိုးတွေကို သယ်လာတတ်လို့ **အတ္ထ - ကျိုးရှိတရား** ဖြစ်တယ်။*

*ဝိုရှင်တို့...မိစ္ဆာဒိဋ္ဌိ - မှားယွင်းတဲ့ အမြင်၊ မှားယွင်းတဲ့အယူအဆတွေဟာ **အဓမ္မ** ဖြစ်တယ်၊ သမ္မာဒိဋ္ဌိ - မှန်ကန်တဲ့ အမြင်၊ မှန်ကန်တဲ့အယူအဆတွေဟာ **ဓမ္မ** ဖြစ်တယ်။ မိစ္ဆာဒိဋ္ဌိကြောင့် ဖြစ်ပွားတဲ့ အကုသိုလ်တရားတွေက ဆိုးကျိုးတွေကို သယ်လာတတ်လို့ **အနတ္ထ - ကျိုးမဲ့တရား** တွေ ဖြစ်တယ်၊ သမ္မာဒိဋ္ဌိကြောင့် ဖြစ်ပွားတဲ့ ကုသိုလ်တရားတွေက ကောင်းကျိုးတွေကို သယ်လာပေးလို့ **အတ္ထ - ကျိုးရှိတရား**တွေ ဖြစ်တယ်။*

ဝိုရှင်တို့...မြတ်စွာဘုရား အကျဉ်းပေါခဲ့တဲ့ တရားကို ငါတော့ အခုလို အကျယ်အဓိပ္ပါယ်အနေနဲ့ နားလည်ပါတယ်။ သင်တို့အနေနဲ့ မြတ်စွာဘုရားထံ သွားရောက်ပြီးတော့လဲ ထပ်မေးပါဦး၊ မြတ်စွာဘုရားမိန့်တဲ့အတိုင်း မှတ်ကြပါ" လို့ အရှင်မဟာကစ္စည်းမထေရ်က ရဟန်းတွေကို မိန့်ကြားတော်မူခဲ့ပါတယ်။ ရဟန်းတွေလဲ မြတ်စွာဘုရားထံ သွားရောက်ကာ အရှင်မဟာကစ္စည်း ယခုလို အကျယ်ချဲ့ပေးတာကို အသေးစိတ် ပြန်လည်လျှောက်ထားတဲ့အခါ သာဓုခေါ်တော်မူပြီး၊ အရှင်မဟာကစ္စည်းမထေရ်ကို ချီးကျူးတော်မူကာ ဝိုကို သင်တို့ ထပ်မေးခဲ့ရင်လဲ မဟာကစ္စည်းဖြေတဲ့ အတိုင်းပဲ ဖြေမှာဖြစ်တယ်လို့ မိန့်ကြားတော်မူခဲ့ပါတယ်။ ဒါက အဂုံတ္တရနိကာယ်၊ ဒသကနိပါတ်မှာ မှတ်တမ်းတင်ထားတဲ့ ဒုတိယအဓမ္မ သုတ်ဖြစ်ပါတယ်။

(၄) လောကုတ္တရာတရား ရနိုင်တဲ့ အခွင့်အလမ်း အနုသတိ ၆-ပါး တရားတော်

တစ်ခါမှာတော့ အရှင်မဟာကစ္စည်းမထေရ်က ရဟန်းတော်တွေကို "ငါ့ရှင်တို့... သိတော်မူ, မြင်တော်မူ, ကိလေသာငြိမ်းတော်မူ, တရားအားလုံးကို သိတော်မူတဲ့ ငါတို့မြတ်စွာဘုရားက အာရုံငါးပါး ကာမဂုဏ်တရားနဲ့ ကြပ်တည်းကျဉ်းမြောင်းစွာ နေရတဲ့ လောကလူသားတွေရဲ့ လောကုတ္တရာ တရားရနိုင်တဲ့ အခွင့်အလမ်း ခြောက်မျိုးကို ကောင်းမွန်စွာ သိတော်မူတယ်။ ဒီအခွင့်အလမ်းခြောက်မျိုးဟာ ကိလေသာနဲ့ညစ်နွမ်းနေတဲ့သူတွေကို စင်ကြယ်စေနိုင်တယ်၊ စိုးရိမ်ပူဆွေးငိုကြွေးရမှုတွေကိုလဲ လွန်မြောက်စေနိုင်တယ်၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်နေတာတွေလဲ ငြိမ်းစေနိုင်တယ်၊ မဂ်ဉာဏ်ကိုလဲ ရစေနိုင်တယ်၊ နိဗ္ဗာန်ကိုလဲ မျက်မှောက်ပြုစေနိုင်တယ်။" လို့ ဒေသနာနိဒါန်းအစချီပြီး အနုသတိ ၆-ပါး တရားကို ဟောတော်မူခဲ့ပါတယ်။

အဲဒီလောကလူသားတွေ လောကုတ္တတရား ရစေနိုင်တဲ့ တရား ခြောက်ပါးဆိုတာ အနုသတိ ၆-ပါးပဲ ဖြစ်တယ်။

၁။ ဗုဒ္ဓါနုသတိ - ဘုရားဂုဏ်တော် ၉-ပါးကို အစဉ်မပြတ် ပွားများအောက်မေ့ခြင်း၊

၂။ ဓမ္မာနုသတိ - တရားဂုဏ်တော် ၆-ပါးကို အစဉ်မပြတ် ပွားများအောက်မေ့ခြင်း၊

၃။ သံဃာနုသတိ - သံဃာ့ဂုဏ်တော် ၉-ပါးကို အစဉ်မပြတ် ပွားများအောက်မေ့ခြင်း၊

၄။ သီလာနုသတိ - မိမိစင်ကြယ်စွာ ဆောက်တည်ကျင့်သုံးထားတဲ့ သီလကို အစဉ်မပြတ် ပွားများ အောက်မေ့ခြင်း၊

၅။ စာဂါနုသတိ - မိမိစွန့်ကြဲပေးကမ်း လှူဒါန်းခဲ့တာတွေကို ပြန်လည်ပြီး မပြတ်ပွားများ အောက်မေ့ခြင်း၊

၆။ ဒေဝတာနုသတိ - နတ်ပြည်ခြောက်ထပ်ရှိ နတ်တွေဟာ သद္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ တရားငါးမျိုး ပြည့်စုံကြတဲ့အတွက် နတ်ပြည်ရောက်ကြတာဖြစ်တယ်။ ဒီနတ်တွေမှာ ဒီတရားတွေနဲ့ ပြည့်စုံသလို ငါ့မှာလဲ ဒီတရား ငါးမျိုး ပြည့်စုံပါတယ်-လို့ နတ်တွေကိုသက်သေအရာထားပြီး နတ်တွေမှာရော မိမိမှာရော ရှိနေတဲ့ သद္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာတွေကို အစဉ်မပြတ် ပွားများအောက်မေ့ခြင်း-တို့ပဲ ဖြစ်တယ်။

အနုသယတိ ၆-ပါး ပွားများရကျိုး

ဒီခြောက်မျိုးထဲက တစ်ခုခုကိုပဲဖြစ်ဖြစ်၊ နှစ်ခု၊ သုံးခုစသည်ကိုပဲဖြစ်ဖြစ်၊ ခြောက်မျိုးလုံးကိုပဲ ဖြစ်ဖြစ် ပွားများအားထုတ်နေတဲ့သူရဲ့ သန္တာန်မှာ ရာဂထကြွသောင်းကျန်းတဲ့ စိတ်တွေ မဖြစ်၊ ဒေါသ ထကြွသောင်းကျန်းတဲ့ စိတ်တွေ မဖြစ်၊ မောဟထကြွ သောင်းကျန်းတဲ့စိတ်တွေ မဖြစ်ဘဲ ဗုဒ္ဓါနုသတိ စတဲ့ ကိုယ်ပွားနေတဲ့ ကမ္မဋ္ဌာန်းအာရုံအပေါ်မှာ စိတ်က ရောက်ပြီး ဖြောင့်တန်းစွာ ဖြစ်နေတော့တယ်။ အဲဒီအချိန်မှာ ဒီ ကမ္မဋ္ဌာန်းအာရုံအပေါ်မှာ စိတ်ဖြောင့်တန်းစွာ ရောက်နေတဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်ဟာ ငါးဖြာ အာရုံကာမဂုဏ်တွေကနေ ကင်းကွာ လွတ်မြောက်နေတယ်။ ကောင်းကင်နဲ့တူတဲ့ စိတ်နဲ့ လွတ်လပ် ပေါ့ပါးပြီး စိတ်အေးချမ်းသာစွာ နေရတယ်။ ဒီ ဗုဒ္ဓါနုသတိစတဲ့ ကမ္မဋ္ဌာန်းအာရုံကို အကြောင်း ပြုပြီး တစ်ချို့ပုဂ္ဂိုလ်တွေဟာ ကိလေသာတွေ အပြီးတိုင် ချုပ်ငြိမ်းစင်ကြယ်ရာဖြစ်တဲ့ နိဗ္ဗာန်ကို ရကြပြီး စင်ကြယ်တဲ့ပုဂ္ဂိုလ်တွေ ဖြစ်ကြတယ်ဆိုတဲ့အကြောင်း အကျယ်တဝင့် ဟောကြားတော်မူခဲ့ပါတယ်။ ဒါက အဂုံတ္တရနိကာယ် ဆက္ကနိပါတ်မှာ မှတ်တမ်းတင်ထားတဲ့ မဟာကစ္စာနသုတ် ဖြစ်ပါတယ်။

(၅) လူတွေ ငြင်းခုံခိုက်ရန်ဖြစ်ခြင်း အကြောင်းရင်း

တစ်ခါမှာတော့ အရှင်မဟာကစ္စည်းမထေရ်ထံ အာရာမဒဏ္ဍ-လို့ အမည်ရတဲ့ ပုဏ္ဏား တစ်ယောက် ရောက်လာပြီး "အရှင်ကစ္စာန...ရှင်ဘုရင်အချင်းချင်း၊ ပညာတတ်ပုဏ္ဏားအချင်းချင်း၊ ကုန်သည်အချင်းချင်း၊ လူအချင်းချင်း ငြင်းခုံခိုက်ရန်ဖြစ်ကြတဲ့ အကြောင်းရင်းက ဘာပါလဲ ဘုရား။ ဘာလို့ ငြင်းခုံခိုက်ရန် ဖြစ်နေရကြရတာလဲ ဘုရား" လို့ လျှောက်ထားမေးမြန်းပါတယ်။ ဒီအခါ အရှင် မဟာကစ္စည်းမထေရ်က "ငါးပါးအာရုံ ကာမဂုဏ်တွေအပေါ် အလွန်တပ်မက်ကြလို့၊ ကာမရာဂတွေ ချည်နှောင်ခံထားရလို့၊ ကာမရာဂညွှန်ထဲ နစ်မြုပ်နေကြလို့၊ ကာမရာဂတွေ ထကြွသောင်းကျန်း နေကြလို့၊ ကာမရာဂတွေက ဖမ်းချုပ်ထားလို့ ရှင်ဘုရင်အချင်းချင်း၊ ပုဏ္ဏားအချင်းချင်း၊ ကုန်သည်အချင်းချင်း၊ လူအချင်းချင်း ငြင်းခုံခိုက်ရန်ဖြစ်နေကြတာပါ" လို့ ဖြေကြားတော်မူပါတယ်။

ဘာသာရေးခေါင်းဆောင်တွေ ငြင်းခုံကြတဲ့ အကြောင်းရင်း

နောက်ပြီး အာရာမဒဏ္ဍပုဏ္ဏားက " အရှင်ကစ္စာန...သမဏာလို့ခေါ်တဲ့ ရဟန်းတွေ အချင်းချင်း ငြင်းခုံခိုက်ရန်ဖြစ်ကြတာကကော ဘယ်လို အကြောင်းကြောင့်ပါလဲ ဘုရား " လို့ ဆက်ပြီး မေးပါတယ်။ ဒီအခါ အရှင်မဟာကစ္စည်းမထေရ်က "မ္ဗိစ္ဆာဒိဋ္ဌိအယူဝါဒတွေနဲ့ပတ်သက်ပြီး ဝဲ့အယူကသာမှန်တယ်၊ သူများအယူက အမှားတွေ ဖြစ်တယ်ဆိုပြီး မှားယွင်းတဲ့အယူအဆတွေအပေါ် အလွန်တပ်မက်ကြလို့၊ ဒိဋ္ဌိရာဂတွေ ချည်နှောင်ခံထားရလို့၊ ဒိဋ္ဌိရာဂညွှန်ထဲ နစ်မြုပ်နေကြလို့၊ ဒိဋ္ဌိရာဂတွေ ထကြွသောင်းကျန်း

နေကြလို့၊ ဒိဋ္ဌရာဂတွေက ဖမ်းချုပ်ထားလို့ သမဏ-လို့ခေါ်တဲ့ ရဟန်းတွေအချင်းချင်း ငြင်းကြခုံကြ ခိုက်ရန်တွေဖြစ်ကြတာဖြစ်တယ်" လို့ ဖြေကြားတော်မူပါတယ်။

ကာမရာဂ၊ ဒိဋ္ဌရာဂတွေကို လွန်မြောက်ပြီးသူ

ဒီအခါ ပုဏ္ဏားက အရှင်မြတ်ကို "အရှင်ကစ္စာန...ဒီလောကမှာ ကာမရာဂ, ဒိဋ္ဌရာဂတွေကို လွန်မြောက်ပြီးတဲ့ပုဂ္ဂိုလ် ရှိပါသလား" လို့ ဆက်မေးတဲ့အတွက် အရှင်မြတ်က " ပုဏ္ဏား... ကာမရာဂ၊ ဒိဋ္ဌရာဂတွေကို လွန်မြောက်ပြီးတဲ့ပုဂ္ဂိုလ် လောကမှာ ရှိပါတယ်" လို့ ဖြေကြားပါတယ်။ အဲဒီအခါမှာ ပုဏ္ဏားက "အရှင်ကစ္စာန... အဲဒီပုဂ္ဂိုလ်က ဘယ်သူပါလဲ၊ ခု ဘယ်မှာ ရှိပါသလဲ" လို့ ဆက်မေးတဲ့ အတွက် အရှင်မြတ်က "ပုဏ္ဏား...ဒီကနေ အရှေ့ဘက်ကို သွားရင် သာဝတ္ထိမြို့ဆိုတာ ရှိတယ်၊ အဲဒီမြို့မှာ ကိလေသာခပ်သိမ်း ကင်းငြိမ်းပြီးတဲ့အတွက် အရဟံ ဂုဏ်တော်၊ တရားအားလုံး ဆရာမကူ သယ္ဘမ္ဘူဉာဏ်နဲ့ ကိုယ်တိုင် အမှန်အတိုင်း သိတော်မူတဲ့အတွက် သမ္မာသမ္ဗုद्ध ဂုဏ်တော်နဲ့ ပြည့်စုံ တော်မူတဲ့ မြတ်စွာဘုရားရှိတယ်။ အဲဒီ မြတ်စွာဘုရားရှင်ဟာ ကာမရာဂတွေ၊ ဒိဋ္ဌရာဂတွေ အကုန်လုံးကို လွန်မြောက်ပြီးသူ ဖြစ်တယ်" လို့ ဖြေကြားခဲ့ပါတယ်။

ဒီလို အရှင်မဟာကစ္စည်းက ဖြေလိုက်တယ်ဆိုရင်ပဲ အာရာမဒဏ္ဍပုဏ္ဏားဟာ ထိုင်နေရာကနေ ထပြီးနောက် လက်ဝဲတစ်ဖက် ပခုံးထက်မှာ အပေါ်ရုံအဝတ်ကို သိုင်းခြုံတင်ကာ လက်ကန်တော့ ထိုးလိုက်ပြီး, လက်ယာပုဆစ် ဒူးဝန်းကို မြေပြင်မှာထောက်ကာ မြတ်စွာဘုရားရှိရာ သာဝတ္ထိမြို့ ဖက်ကို လက်အုပ်မြှောက်ချီရင်းက "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုद्ध သ၊ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုद्ध သ၊ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုद्ध သ = ကာမရာဂတွေ၊ ဒိဋ္ဌရာဂတွေကို လွန်မြောက်ပြီးဖြစ်တဲ့ အရဟံဂုဏ်တော်၊ သမ္မာ-သမ္ဗုद्ध ဂုဏ်တော်တွေနဲ့ ပြည့်စုံတဲ့ ထိုမြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပူဇော်ပါ၏" လို့ သုံးကြိမ် သုံးခါ ဥဒါန်းကျူးရင့်ပြီး ပူဇော်ခဲ့ပါတယ်။ ဒါကို အဂုံတ္တရနိကာယ်၊ ဒုကနိပါတ်မှာ မှတ်တမ်းတင် ဖော်ပြ ထားပါတယ်။

(၆) ဗာလ၊ ပဏ္ဍိတ ခွဲခြားပုံ

တစ်ခါမှာတော့ အရှင်မဟာကစ္စည်းမထေရ် မဓုရာမြို့အနီးက ပိတ်ချင်းနက်တောမှာ သီတင်း သုံးနေတဲ့အချိန် ကန္ဒရာယနအမည်ရှိတဲ့ ပုဏ္ဏားတစ်ယောက် ရောက်လာပြီး " အရှင် ကစ္စာန... .အရှင်ကစ္စာနဟာ ကိုယ့်ထက်အသက်အရွယ်ကြီးရင့်တဲ့ ပုဏ္ဏားအိုတွေကို ရှိမခိုးဘူး၊ ခရီးဦး မကြို ဆိုဘူး၊ နေရာဦးမပေးဘူးလို့ အကျွန်ုပ် ကြားဖူးပါတယ်၊ အဲဒီ အကျွန်ုပ်ကြားဖူးတဲ့စကားဟာ ခု

အကျွန်ပ်ကိုယ်တိုင် ကြုံတွေ့ရတော့ ကြားဖူးတဲ့အတိုင်း မှန်နေတယ်၊ ဒီလိုမျိုး ကိုယ့်ထက်ကြီး သူတွေကို အရိုအသေမပေးတာဟာ မသင့်တော်ပါဘူး" လို့ လျှောက်ထားပါတယ်။

ဒီအခါ အရှင်မြတ်က "အို ပုဏ္ဏား...သိတော်မူ မြင်တော်မူတဲ့ ငါတို့မြတ်စွာဘုရားက ကြီးသူလို့ သတ်မှတ်နိုင်တဲ့ အကြောင်းတရား နဲ့ ငယ်သူလို့ သတ်မှတ်နိုင်ကြောင်းတရားကို ခွဲခြားဟောကြား တော်မူခဲ့တယ်။ အသက်အရွယ်အနေနဲ့ ရှစ်ဆယ်၊ ကိုးဆယ်၊ တစ်ရာ ရှိနေပါစေ၊ အဲဒီပုဂ္ဂိုလ်ဟာ ကာမဂုဏ်တွေကို သုံးဆောင်ခံစားနေမယ်၊ ကာမဂုဏ်အပူတွေနဲ့ အလောင်ခံနေရမယ်၊ ကာမဝိတက် - ကာမအတွေးတွေနဲ့ပဲ နေမယ်၊ ကာမဂုဏ်တွေ သုံးဆောင်ခံစားနိုင်ဖို့အတွက်ပဲ အားထုတ်နေမယ်ဆိုရင် အဲဒီလိုပုဂ္ဂိုလ်မျိုးဟာ (ငါတို့ ရှင်ရဟန်းတွေအတွက်) ထေရ = လေးစားထိုက်၊ ရိုသေထိုက်၊ ရှိခိုးဦးချ ထိုက်တဲ့ ပုဂ္ဂိုလ်မဟုတ်ဘူး။ ဗာလ-တရားသဘော ဘာမျှနားမလည်တဲ့ သူငယ်နပ်စားအဆင့်ပဲ ရှိတဲ့သူပါဘဲ။ အို ပုဏ္ဏား....အကြင်ပုဂ္ဂိုလ်တစ်ယောက်ဟာ ပျိုမျစ်နနယ် ငယ်ရွယ်တဲ့ ပဌမအရွယ်ပဲ ဖြစ်ဦးတော့ သူဟာ ကာမဂုဏ်တွေကို မခံစားဘူး၊ ကာမဂုဏ်ညွှန်မှာ နစ်မနေဘူး၊ ကာမအပူတွေ အလောင်မခံရဘူး၊ ကာမဝိတက်တွေနဲ့ မနေဘူး၊ ကာမဂုဏ်တွေရဖို့အတွက်သာ အားမထုတ်ဘူး ဆိုရင် အဲဒီပုဂ္ဂိုလ်မျိုးဟာ (ငါတို့ ရှင်ရဟန်းတွေအတွက်တော့) ပဏ္ဍိတ - တရားအသိပြည့်ဝသူ၊ ထေရ - လေးစားမြတ်နိုးထိုက်တဲ့ သီလစတဲ့ဂုဏ်တွေနဲ့ ပြည့်စုံတဲ့ အရိုအသေပေးထိုက်သူဖြစ်တယ်" လို့ ခွဲခြား ဟောပြပါတယ်။ ဒီအခါ ကန္ဒရာယနပုဏ္ဏားဟာ နေရာမှထကာ လက်ဝဲတစ်ဖက် ပခုံးထက်မှာ အပေါ်ရုံအဝတ်ကို လက်ကန်တော့တင်ပြီး ရဟန်းငယ်တွေရဲ့ ခြေကို သူ့ရဲ့ဦးခေါင်းနဲ့ " အရှင်မြတ်တို့ ဟာ တပည့်တော်ထက် သီလစတဲ့ဂုဏ်တွေ ကြီးရင့်တဲ့ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်ဘုရား။ တပည့်တော် တို့ဟာ အသက်ကြီးပေမဲ့ ဂုဏ်အားဖြင့် ငယ်တဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်ဘုရား" လို့ ရှိခိုးဦးခိုက် ပူဇော်ခဲ့ပါ တယ်။ ဒီအကြောင်းကို အဂုံတ္တရနိကာယ် ဒုကနိပါတ်မှာ တွေ့နိုင်ပါတယ်။ ဒါတွေကတော့ အရှင်မြတ်နဲ့ ဆက်စပ်တဲ့ တရားတော်တွေပဲ ဖြစ်ပါတယ်။

နိဂုံး

အရှင်မဟာကစ္စည်းမထေရ်အကြောင်းကို ကြည်ညိုပြီးတဲ့အခါ အရှင်မြတ်ကြီးရဲ့ အဖိုးတန် ဘဝနေနည်းတွေအတိုင်း ကျင့်သုံးနိုင်သဖြင့် ဘယ်သူနဲ့မှ ရန်မဖြစ်ရအောင် အေးချမ်းစွာနေနိုင်ကြ ပါစေ၊ ကိလေသာကာမဂုဏ်အပူတွေကနေ လွတ်မြောက်ပြီး ငြိမ်းချမ်းစွာ နေနိုင်ကြပါစေ၊ နေ့စဉ်နေ့ တိုင်း ကောင်းမြတ်တဲ့နေ့ရက်လေးတွေ ဖြစ်အောင် နေနိုင်ကြပါစေ၊ ဓမ္မ နဲ့ အဓမ္မ, အတ္ထ နဲ့ အနတ္ထ ခွဲခြားနိုင်ပြီး ဓမ္မလမ်းစဉ်အတိုင်း အတ္ထ-ကျိုးရှိတရားတွေကို ကျင့်သုံးနိုင်ကြပါစေ-လို့ ဆုတောင်း အာသီသပြုရင်း ဒီတစ်ပတ်သင်တန်းကို နိဂုံးချုပ်လိုက်ပါတယ်။

ကျမ်းကိုး---

၁။ အဂုံတ္တိုရ်ပါဠိတော်၊ ၎င်းအဋ္ဌကထာ၊

၂။ မူလပဏ္ဏာသပါဠိ၊ ၎င်းအဋ္ဌကထာ၊

၃။ ဥပရိပဏ္ဏာသပါဠိ၊ ၎င်းအဋ္ဌကထာ၊

၄။ အပဒါနပါဠိ၊ ၎င်းအဋ္ဌကထာ၊

၅။ ထေရဂါထာပါဠိ၊ ၎င်းအဋ္ဌကထာ၊

၆။ သံယုတ်ပါဠိတော်၊ ၎င်းအဋ္ဌကထာ။

၇။ မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ၊ ပထမပိုင်း။

အရှင်နေမိန္ဒာဘိဝံသ

ခေတ္တ - မေတ္တာနန္ဒဝိဟာရဓမ္မရိပ်သာ၊

35691, Castro Valley, CA 94552, U.S.A

၁၃၈၀-ပြည့်နှစ်၊ နယုန်လဆန်း(၈)ရက်၊ (၂၂/၅/၂၀၁၈)၊ ည ၉း၂၇။